# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၁ ရက် စတင်ထုတ်ဝေသည်။



အတွဲ(၂၈)၊ အမှတ်(၂၃၆)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၃၁-၇-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ဒီမိုကရေစီနိုင်ငံတွင် ရွေးကောက်ပွဲသည် အဓိကကျ

# လာမည့်ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး အတတ်နိုင်ဆုံးဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


စာမျက်နှာ ၃ သို့ ★


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၃၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၂၁ ရက်၊ ကြာသပတေးနေ့။
မန္တလေး

## ဝါးလက်မှုကဏ္ဍ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် မျိုးထုတ်လုပ်မှု၊ ဝါးအခြေခံလက်မှုပစ္စည်းများ ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာနှင့် ဈေးကွက်အခွင့်အလမ်းများ ဆွေးနွေးဖလှယ်နိုင်ရန်နှင့် လုပ်ငန်းရှင်နှင့်ဆက်စပ်ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ ဝါးစိုက်ပျိုးပြုစုစီမံအုပ်ချုပ်ခြင်း၊ မျိုးထုတ်လုပ်ခြင်းနှင့် ဝါးလက်မှုကဏ္ဍ နည်းပညာဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ကမ္ဘာပေါ်တွင် ဝါးမျိုးစု ၇၅ မျိုးနှင့် ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် ပေါက်ရောက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ နှစ်စဉ်ဝါးတော ထွက်နှုန်းမှာ ဝါးလုံးရေ ၃၁၈ သန်းရှိကြောင်း၊ ဝါးသည် မျိုးထုတ်လုပ်မှုမှစတင်၍ လက်မှုလုပ်ငန်း ထုတ်ကုန်အထိ စီးပွားရေးတန်ဖိုးတစ်ခုအဖြစ် ပြောင်းလဲနိုင်သည့် သဘာဝထုတ်ကုန် ဖြစ်ကြောင်း၊ မျိုးနှင့် ဝါးထုတ်ကုန်များအား ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များအထိ ရောက်ရှိစေရေးအတွက် လုပ်ငန်းအဆင့်မြှင့်တင်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးစံနှုန်းပြည့်မီမှုများသည် များစွာအရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်၊ ကြိမ်၊ ဝါးကုန်ကြမ်းများ အသုံးပြုထုတ်လုပ်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်ကြမ်းရရှိရေး၊ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးနှင့် နည်းပညာမြှင့်တင်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ဝါးအခန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဌာန၊ အဖွဲ့အစည်းနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဝါးထုတ်လုပ်မှုနှင့် ဝါးသယံဇာတစာရင်းကောက်ယူမှု၊ ဝါးအခြေခံစက်မှုထုတ်ကုန်များ ထုတ်လုပ်ခြင်းနည်းပညာ၊ ဈေးကွက်နှင့် အနာဂတ်အလားအလာ၊ ဝါးအဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ဈေးကွက်လိုအပ်မှု၊ ဝါးကုန်ကြမ်းများရရှိနိုင်မည့်အခြေအနေနှင့် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် ဆွေးနွေးမှုရလဒ်များအား ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဝါးသည် သဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေပြီး စီးပွားလည်း ဖြစ်ထွန်းနိုင်သည်။ အလွယ်တကူ ပြုစုပျိုးထောင်နိုင်သည့်အပင်လည်းဖြစ်ရာဝါးပင်များကို တစ်နိုင်တစ်ပိုင် တစ်အုပ်တစ်မမှသည် စီးပွားဖြစ်ဝါးစိုက်ခင်း၊ ဝါးတော၊ ဝါးဥယျာဉ်များ တည်ထောင်လုပ်ကိုင်နိုင်မည်ဖြစ်ရာ ဝါးလက်မှုကဏ္ဍ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ဝါးအခြေပြုတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ဆိုက်ဘာလုံခြုံရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၁၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

**ဆိုက်ဘာလုံခြုံရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁ / ၂၀၂၅ ဖြင့် ပြဋ္ဌာန်းခဲ့သော ဆိုက်ဘာလုံခြုံရေးဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၂၅ ခုနှစ် မတ်လ ၂၈ရက်နေ့တွင်လှုပ်ခတ်ခဲ့သည့်အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီး အပါအဝင် မြန်မာနိုင်ငံအတွင်းလှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့်ဖြစ်စဉ်များကို မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များက လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများကို ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး အွန်လိုင်းမှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

ဝက်ဘ်ဆိုက်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ဝ၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက် မဟာဂန္ဓာရုံအနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။ (အပေါ်ပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၃၁ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ၄၆စမုခ်ဦးတန်းမွှာရုံ၊ အ.မ.က(၃)မြောက်ဘက်၊ ၈၄လမ်း၊ ခတ္တန်းမုခ်ဦးတန်း လမ်းမဘေးတွင်လည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်း၊ မိုးထိအောင်စည် ကျောင်းရှေ့တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

★ရှေ့ဖုံးမှ

အဆိုပါ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့မှု**

ထိုသို့ ဂုဏ်ပြုတွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရသည်မှာ လေးနှစ်ခွဲကာလသို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသော သာမန်မဟုတ်သည့် အခြေအနေများ၌ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရန် အချိန်ကာလ လိုအပ်ချက်များရှိခဲ့၍ တာဝန်ထမ်းဆောင်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ထမ်းဆောင်မှု သက်တမ်းတိုးခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတော်တွင် အရေးပေါ်ကာလဖြစ်ပေါ်ခဲ့ခြင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ချိန်တွင်လည်း မညီမျှမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို နိုင်ငံရေးပါတီများက မိမိထံသို့ အသိပေးပြောကြားခြင်းများကြောင့် မိမိအနေဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို အသိပေးခဲ့သော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးချိန်၌လည်း မဲစာရင်းမှားယွင်းနေမှုများကို အချို့ပါတီများအနေဖြင့် မိမိထံအသိပေးပြောကြားခဲ့ကြောင်း၊ ထိုသို့မဲစာရင်းမှားယွင်းမှုများအတွက် တာဝန်ရှိသူများကို စိစစ်အရေးယူဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ အကြိမ်ကြိမ်အသိပေး အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ခြင်းမရှိဘဲ လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်တာဝန်ထမ်းဆောင်ရန် ဖြစ်ပေါ်လာသည့် အခြေအနေများအရ အကောင်းဆုံးဆုံးဖြတ်လုပ်ဆောင်ရခြင်းဖြစ်၍ တာဝန်ယူခဲ့ရပြီးနောက်ပိုင်းတွင် လုပ်ငန်းတာဝန်များထမ်းဆောင်နိုင်ရေးအတွက် အရပ်ဘက်၊ စစ်ဘက်တို့မှ အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသည့်သူများကို အမြန်ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအသီးသီးတွင် အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသူများကို တာဝန်ပေးအပ်နိုင်ခဲ့သဖြင့် အစိုးရ၏ လုပ်ငန်းယန္တရားများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေကာလတွင် အခက်အခဲနှင့် ပိတ်ဆို့နှောင့်ယှက်မှုအများအပြားအကြားမှ လုပ်ငန်းများလည်ပတ်အောင် ဆောင်ရွက်ခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ လေးနှစ်ခွဲကာသို့ ရောက်ရှိပြီဖြစ်ပြီး **နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲ၊ အကျပ်အတည်းများအားလုံးကို မိမိတို့အစိုးရအဖွဲ့ဝင်များအနေဖြင့် အတူတကွဝိုင်းဝန်းကြိုးပမ်း ကျော်ဖြတ်နိုင်ခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။**

**နိုင်ငံရေးဆိုင်ရာ**

နိုင်ငံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည်ပြည်သူများ၏ အစိတ်အပိုင်းဖြစ်**ကြောင်း၊ ပြည်သူများအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းလိုသည်ဟု ဆန္ဒပြုခဲ့ကြသဖြင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၈၈၆ ခုနှစ် မတိုင်မီကာလများတွင် မြန်မာနိုင်ငံသည် ဘုရင် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၉၈၈ ခုနှစ်မတိုင်မီကာလတွင် ဗဟိုဦးစီးစနစ်ဖြင့် သွားခဲ့ခြင်း ဖြစ်ကြောင်း၊ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့ရပြီး နောက်ပိုင်းတွင် အောက်မြန်မာပြည်သည် လွှတ်တော်စနစ်ပုံစံဖြင့် သွားခဲ့ရခြင်းဖြစ်ပြီး လွှတ်တော်နှင့် စတင်ထိတွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါလီမန်စနစ်သို့ သွားရန် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်တွင် နိုင်ငံရေးဦးဆောင်သူများ၊ လူငယ်များ၊ တပ်မတော်မှ တာဝန်ရှိသူများ အားလုံးတွင် ဆိုရှယ်လစ်နှင့် ပတ်သက်သည့် အသိများရှိထားကြသည့်အချိန် ဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဆိုရှယ်လစ်စနစ်ကို သွားမည်၊ ဆိုရှယ်လစ်နိုင်ငံထူထောင်မည်ဟု မပါရှိသော်လည်း သမ္မတကြီး စဝ်ရွှေသိုက်၏ လွတ်လပ်ရေးမိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကိုသွားမည်ဟု အတိအလင်းဖော်ပြထားသည်ကို တွေ့ရကြောင်း၊ သို့သော်လည်း ဆိုရှယ်လစ်စနစ်ကို မကျင့်သုံးခဲ့ရခြင်းမှာ ၎င်းအချိန်က နိုင်ငံရေးအင်အားစုများ၌ လက်ဝဲယိမ်းသည့်အုပ်စုများ၊ လက်ယာယိမ်းသည့်အုပ်စုများ စသည်ဖြင့်ရှိကြကြောင်း၊ ထို့ကြောင့် ပါလီမန်စနစ်သွားခဲ့ရသည်ဟု သုံးသပ်ရကြောင်း၊ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေအရပ်ရပ်အရ တော်လှန်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ယူခဲ့ရပြီး ဆိုရှယ်လစ်စနစ်ကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များ ရှိသကဲ့သို့ အားနည်းချက်များလည်း ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့၍ နိုင်ငံရေးထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ စီမံကိန်း စီးပွားရေးစနစ်ကြောင့် စီးပွားရေးအရ ထွက်ပေါက်ပိတ်ဆို့သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပါတီဝင်များကိုသာ ဦးစားပေးမှုများကြောင့် မကျေနပ်မှုများ ရှိခဲ့ကြောင်း၊ ၎င်းအပြင် စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်လာခဲ့ရကြောင်း၊ စနစ်၏အားနည်းချက်ဆိုသည်ထက် လက်တွေ့အကောင်အထည်ဖော်မှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး အောင်မြင်နေသည့် နိုင်ငံများလည်း ရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိက အခရာကျသည့် အချက်ဖြစ်ကြောင်း၊ စီးပွားရေးအား ကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာခြင်း၊ သယံဇာတများ ခိုးထုတ်ခံရခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေး ကျဆင်းလာပြီး ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အစိုးရနှင့် လက်တွဲညီစွာဆောင်ရွက်ခဲ့ကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍လည်း

စာမျက်နှာ ၄ သို့ ★

★ နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲ၊ အကျပ်အတည်းများအားလုံးကို မိမိတို့အစိုးရအဖွဲ့ဝင်များအနေဖြင့် အတူတကွဝိုင်းဝန်းကြိုးပမ်း ကျော်ဖြတ်နိုင်ခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြု

★ နိုင်ငံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိ

★ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်

☆ စီးပွားရေးအရ အားနည်းချက်များရှိနေရခြင်းမှာ စီးပွားရေးလုပ်ဆောင်နိုင်မည့် အတတ်ပညာများ အားနည်းရခြင်းကြောင့်ဖြစ်

☆ အတတ်ပညာသည် အတန်းပညာကိုအခြေခံ၍ ဆောင်ရွက်ရသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေအားပေး ဆောင်ရွက်ရမည်ဖြစ်၊ ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့အနေဖြင့် ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကြရမည်ဖြစ်

☆ မိမိတို့အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး KG+9 အထိ မသင်မနေရပညာရေးအဖြစ် ရဲရဲဝံ့ဝံ့ဆုံးဖြတ် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်

☆ နောင်လာမည့်အစိုးရသစ်လက်ထက်တွင်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အတန်းပညာအပြင် စည်းကမ်းနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များလည်းရှိရန် လိုအပ်မည်

★ စာမျက်နှာ ၃ မှ

၂၀၁၂ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ရန် ငြိမ်းချမ်းရေးဖိတ်ခေါ် ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ **အမှန်တကယ်ငြိမ်းချမ်းမှုရရှိနိုင်ရန် အစိုးရနှင့် တပ်မတော် လက်တွဲညီညီပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊** မိမိတို့နိုင်ငံသည် တိုင်းရင်းသားညီအစ်ကိုများ အတူတကွပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတဦးသိန်းစိန်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးနိုင်သည်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီစနစ်နှင့် အသားကျမှုမရှိခြင်း၊ အဖွဲ့အစည်းအသီးသီး၏ အတိတ်ဖြစ်ရပ်များအပေါ် သွေးထိုးလှုံ့ဆော်ခြင်းများလည်းရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်ကျင့်သုံးစဉ်ကာလတွင် ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များကို ဒီမိုကရေစီစနစ်ကျင့်သုံးချိန်တွင် အတိတ်၊ ပစ္စုပ္ပန်ရောထွေး၍ အတိုက်အခံပြုလုပ်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်ဟု သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း။

ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ပြီး ဒီမိုကရေစီဒုတိယအစိုးရအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ချိန်တွင် ၎င်းတို့အပေါ် ပြည်သူလူထုမှ များစွာမျှော်လင့်ထားခဲ့သော်လည်း စီမံခန့်ခွဲမှုအတွေ့အကြုံ အားနည်းမှုများ၊ ယခင်အစိုးရ၏ လုပ်ဆောင်မှုများကို အတိုက်အခံဆောင်ရွက်မှုများကြောင့် စီးပွားရေးအရ အားနည်းချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ် ၂၀၁၅-၂၀၁၆ ခုနှစ်ကာလအတွင်း ပြည်ပအကူအညီများ များစွာရရှိခဲ့ပြီး နိုင်ငံ့စီးပွားရေးအားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်း၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်လျက်ရှိပြီး ပြည်တွင်းစီးပွားရေးအားပေးမှုမရှိခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ မရှိခြင်း၊ နိုင်ငံ၏ ပကတိအခြေအနေနှင့် မကိုက်ညီသည့် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်များအတိုင်း သြဇာခံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ကြောင်း၊ လုပ်ဆောင်မှုအားနည်းချက်များ၊ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် ပြည်သူလူထုမှလည်း ၎င်းတို့အပေါ် အယုံအကြည်အားနည်းလာသဖြင့် ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်ရန် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ပြီး မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိကြောင်း။

### စီးပွားရေးဆိုင်ရာ

စီးပွားရေးပိုင်းနှင့်ပတ်သက်၍ ကုန်သွယ်မှုတွင် ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ မီလီယံ အပိုရှိခဲ့ကြောင်း၊ ထို့နောက် ၂၀၁၂ ခုနှစ်နောက်ပိုင်း ကုန်သွယ်မှုလိုငွေများသာပြခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမရှိခြင်း၊ ရောင်းကုန်ပစ္စည်းမရှိခြင်းတို့ကြောင့် ကုန်သွယ်မှုလိုငွေပြရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပအကူအညီများနှင့် non-trade မှရရှိသည့်ငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ မိမိတို့နိုင်ငံ၌ အလုပ်သေချာလုပ်ဆောင်ခဲ့ခြင်း မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ပိုင်ဆိုင်ထားသည့် စိုက်ပျိုးမြေများအပါအဝင် ဖြစ်နိုင်ခြေရှိသည်များကို အကျိုးရှိရှိ စနစ်တကျအသုံးချနိုင်ခြင်းမရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် ပန်းတိုင်ရည်မှန်းချက်များရရှိအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုမရှိခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ မရှိပါက ရောင်းကုန်ပစ္စည်းများလည်း ရရှိမည်မဟုတ်ဘဲ ဝင်ငွေရရှိမည်မဟုတ်ကြောင်း၊ ထို့ပြင် သီးထပ်စွမ်းအားပြည့်မီမှုမရှိခြင်းကြောင့်လည်း နိုင်ငံ့ဝင်ငွေလျော့နည်းခဲ့ရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းနှင့် သီးထပ်စွမ်းအား ပြည့်မီမှုမရှိခြင်းကြောင့် နိုင်ငံ့ဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် လျော့နည်းထိခိုက်နစ်နာလျက်ရှိနေသည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ ယင်းတို့ကို ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ရောင်းကုန်ပစ္စည်းများ ရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေများ ရှိနိုင်မည်မဟုတ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်း မရှိခဲ့သည့်အတွက် နိုင်ငံ့စီးပွားရေး အားနည်းရခြင်းဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကို ထိထိရောက်ရောက် အားပေးဆောင်ရွက်သွားရမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

### ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ

စီးပွားရေးအရ အားနည်းချက်များရှိနေရခြင်းမှာ စီးပွားရေးလုပ်ဆောင်နိုင်မည့် အတတ်ပညာများ အားနည်းရခြင်းကြောင့်ဖြစ်ကြောင်း၊ အတတ်ပညာသည် အတန်းပညာကိုအခြေခံ၍ ဆောင်ရွက်ရသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်ပညာရေးကို မဖြစ်မနေအားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့အနေဖြင့် ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိတို့အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး KG+ 9 အထိ မသင်မနေရ ပညာရေးအဖြစ် ရဲရဲဝံ့ဝံ့ဆုံးဖြတ် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊** နောင်လာမည့်အစိုးရသစ်လက်ထက်တွင်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အတန်းပညာအပြင် စည်းကမ်းနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များလည်းရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းနေခဲ့ရသူများအနေဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်သူများဖြစ်ကြပြီး ကျောင်းနေခဲ့ရခြင်း မရှိသူများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများတွင် အားနည်းချက်များရှိမည်ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်ကြားဖြတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအရ အခြေခံပညာအဆင့် ကျောင်းနေရာခိုင်နှုန်းမှာ နည်းပါးလျက်ရှိသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်ရှိနေသည်ကို တွေ့ရပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မှုမရှိပါက အနာဂတ်တွင် တိုင်းပြည်ဒုက္ခရောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အထူးအလေးထားတွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတွင် နောင်ချိုဒေသ၌ တိုက်ပွဲများမရှိတော့သည့်အတွက် စာသင်ကျောင်းများ အမြန်ဆုံးဖွင့်လှစ်သင်ကြားနိုင်ရေး အထူးအလေးထားဆောင်ရွက်ရန် တိုက်တွန်းလုပ်ဆောင်ခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေးကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီး ယခုချိန်တွင် ကျောင်းသား/ကျောင်းသူ ၁၂၀၀ ဦးခန့် ပညာသင်ကြားနေသည်ဟု သိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ထို့အတူ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အချို့သောစာသင်ကျောင်းများသည်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်မှုမရှိသေးသည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်များအနေဖြင့် ထိခိုက်နစ်နာလျက်ရှိကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပညာရေးနှင့်ပတ်သက်၍ စာသင်ကျောင်းအရေအတွက်၊ ပညာရေးဝန်ထမ်းအရေအတွက်ဆိုင်ရာများ လေ့လာဖော်ထုတ်ခဲ့ကြောင်း၊ တက္ကသိုလ်ကျောင်းများတွင် ဆရာ/ဆရာမခန့်အပ်ထားမှုများရှိသော်လည်း တက်ရောက်သည့်ကျောင်းသားအရေအတွက်နည်းသည်ကို တွေ့ရှိရသည့်အတွက် အုပ်ချုပ်မှုစရိတ် များပြားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေး၍ Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် Polytechnic တက္ကသိုလ် ရှစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့် ပတ်သက်၍ သိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်အားလုံးတွင် စီးပွားရေးနှင့် ဥပဒေပညာရပ် သင်ကြားပေးနိုင်ရေး BA (Law) နှင့် BA (Eco) ဘွဲ့များ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

အလားတူ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံပညာအလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံပညာ အထက်တန်းကျောင်းများ ၈၆ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ခရိုင်အဆင့်အားလုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကျောင်းများအပြင် ကောလိပ်အဆင့်မှတစ်ဆင့် တက္ကသိုလ်အဆင့်ထိ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတတ်ပညာနှင့်ပတ်သက်၍ ပညာရေးကိုအခြေခံသည့် အတတ်ပညာများ ဆည်းပူးနိုင်စေရန် လိုအပ်ကြောင်း၊ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စာသင်ကျောင်းများတွင် ပညာသင်ကြားနိုင်မှုမရှိအောင် ဆောင်ရွက်ခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများ မဖွင့်နိုင်အောင်၊ စီးပွားရေးမလုပ်နိုင်အောင် ဆောင်ရွက်ခြင်းသည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ထိခိုက်စေရန်နှင့် ဒေသခံပြည်သူများ၏ ဘဝများ ပျက်စီးအောင် ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊** ပညာရေးနှင့်ကျန်းမာရေးအပေါ် ထိခိုက်ပျက်စီးအောင် နှောင့်ယှက်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများသည် ပြည်သူလူထု၏ အနာဂတ်ဘဝများကို အသိပညာမဲ့စွာ ရိုက်ချိုးဖျက်ဆီးနေမှုများဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ နောင်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း ပညာရေးကို အားပေးဆောင်ရွက်စေရန် တိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၅ သို့ ★

☆ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စာသင်ကျောင်းများတွင် ပညာသင်ကြားနိုင်မှုမရှိအောင် ဆောင်ရွက်ခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများ မဖွင့်နိုင်အောင်၊ စီးပွားရေးမလုပ်နိုင်အောင် ဆောင်ရွက်ခြင်းသည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ထိခိုက်စေရန်နှင့် ဒေသခံပြည်သူများ၏ဘဝများ ပျက်စီးအောင် ဆောင်ရွက်နေခြင်းသာဖြစ်

☆ ပညာရေးနှင့်ကျန်းမာရေးအပေါ် ထိခိုက်ပျက်စီးအောင် နှောင့်ယှက်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများသည် ပြည်သူလူထု၏ အနာဂတ်ဘဝများကို အသိပညာမဲ့စွာ ရိုက်ချိုးဖျက်ဆီးနေမှုများဖြစ်

☆ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်မည်

☆ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်ရှိ စိုက်ပျိုးမြေ ဧက ၆ ဒသမ ၃၉ သန်း မြေနေရာများတွင် သီးထပ်စိုက်ပျိုးနိုင်ပါက ရွှေပုံပေါ်တွင် ထိုင်နေသည့်တိုင်းပြည်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မည်ဖြစ်သဖြင့် အမှန်တကယ် အလုပ်လုပ်ရန်လို

★ စာမျက်နှာ ၄ မှ

လူတိုင်းသည် ကျန်းကျန်းမာမာဖြင့် အသက်ရှည်ကျန်းမာခြင်းကို လိုလားကြကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အားနည်းသည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အသက်ရှည်ကျန်းမာရေးနှင့်ပတ်သက်၍ ကောင်းမွန်သည့် နေထိုင်စားသောက်မှုပုံစံရှိရန် လိုအပ်မည်ဖြစ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာစားသောက်နိုင်အောင် ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးကို အားကောင်းလာအောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်သူတစ်ဦးချင်းစီအလိုက် ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူမှုအရ မိမိတို့နိုင်ငံအတွင်း နေထိုင်သူလူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ခန့်ရှိပြီး အလုပ်သမားဝန်ကြီးဌာန၏ စာရင်းအရ ပြည်ပ၌အလုပ်လုပ်ကိုင်နေသူ ၃ ဒသမ ၄ သန်းခန့်ရှိသဖြင့် နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၄ သန်းကျော်ရှိကြောင်း၊ ၎င်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်ကြကြောင်း၊ **ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ပြီး နောင်တွင် တာဝန်ထမ်းဆောင်သွားမည့် အစိုးရအနေဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်းသည် ၂၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း၊ အစိုးရအဆက်ဆက်တွင်လည်း နိုင်ငံ၏ ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်များရှိကြောင်း၊ သို့ဖြစ်၍ လက်တွေ့ကျသည့် လုပ်ငန်းမှာ ကျေးလက်စီးပွားရေးမြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် မိမိတို့အစိုးရလက်ထက်တွင် တွန်းအားပေးဆောင်ရွက်ခဲ့သကဲ့သို့ အစိုးရသစ်လက်ထက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်စေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတို့သည် မိမိတို့ နိုင်ငံရေမြေသဘာဝနှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဆန်အဓိကထား စားသုံးသော်လည်း စားသောက်မှုပုံစံပြောင်းလဲ၍ ဂျုံကိုလည်း တွဲဖက်စားသုံးသင့်ကြောင်း၊ လက်ရှိကမ္ဘာ့နိုင်ငံအများစုတွင်လည်း ဂျုံကိုပြောင်းလဲစားသုံးလာကြသည်ကိုတွေ့ရကြောင်း၊ ပြည်ပမှ ဂျုံတင်သွင်းမှုအနေဖြင့် တစ်နှစ်လျှင် တန်ချိန် ၅ သိန်းခန့်ရှိသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင် ဂျုံစိုက်ပျိုးမှုအနေဖြင့် ဧကပေါင်း ၁ ဒသမ ၃ သိန်း စိုက်ပျိုးလျက်ရှိပြီး ဂျုံလိုအပ်ချက် တန်ချိန် ၅ သိန်းရရှိရေးအတွက်ဆိုပါက စိုက်ပျိုးဧက ၆ သိန်းနီးပါး ထပ်မံစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးရေးအတွက် တောင်သူများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုအနေဖြင့် လက်ရှိအချိန်တွင် ဧက ၅ သိန်းခန့် စိုက်ပျိုးနေကြောင်း၊ ပြည်တွင်း ဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပိုလျှံသည်များကိုလည်း ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးနိုင်ခြင်းကြောင့် ဝါကို အခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ်ဝါးတန်ချိန် များစွာထွက်ရှိနေသဖြင့် ဝါးကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက္ကူ၊ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက များစွာအသုံးဝင်သည့်အတွက် ကြိုးစားလုပ်ဆောင်စေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အရင်းအမြစ်များ များစွာရှိပြီး အမှန်တကယ် အလုပ်လုပ်၍ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးအတွက်မှာ အစိုးရမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် ရေရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြစ်ရေတင်စီမံကိန်းအတွက် လိုအပ်သည့်လျှပ်စစ်စွမ်းအင်ကို ဆိုလာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ **ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်ရှိ စိုက်ပျိုးမြေ ဧက ၆ ဒသမ ၃၉ သန်း မြေနေရာများတွင် သီးထပ်စိုက်ပျိုးနိုင်ပါက ရွှေပုံပေါ်တွင် ထိုင်နေသည့်တိုင်းပြည်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်မည်ဖြစ်သဖြင့် အမှန်တကယ် အလုပ်လုပ်ရန်လို**ကြောင်း။

မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် လေးနှစ်တာ ကာလအတွင်း လုပ်ငန်းရပ်များအားလုံးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး အောင်မြင်သည်များ ရှိသကဲ့သို့ အားနည်းချက်များလည်း ရှိခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ်က ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများရှိခဲ့သဖြင့် အခက်အခဲ၊ အကျပ်အတည်း များစွာနှင့်ရင်ဆိုင်ခဲ့ကြရကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲအကျပ်အတည်းများကြားမှ ယနေ့အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်

☆ လွှတ်တော်သည် ဥပဒေပြုသည့်သူများ၏ နေရာဖြစ်သဖြင့် အခြေခံအားဖြင့် ပညာရေးကောင်းမွန်ပြီး စဉ်းစားဆင်ခြင်နိုင်စွမ်း ကောင်းမွန်သည့်သူများဖြစ်ရန် လိုအပ်မည်

☆ နိုင်ငံ၏အကျိုးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး အမှန်တကယ် မဲပေးကြရန်အတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်မှ နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း အားလုံးဝိုင်းဝန်းကူညီ ကြိုးစား၍ တိုက်တွန်းစည်းရုံး ဆောင်ရွက်ပေးရန်လို

နိုင်ခဲ့ကြပြီး ယင်းအတွေ့အကြုံများကို သင်ခန်းစာယူ၍ နောင်လာမည့်အစိုးရအတွက် အခြေခံအုတ်မြစ်ကောင်းကို ချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး**

နိုင်ငံရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် လွှတ်တော်အတွေ့အကြုံများအရ လွှတ်တော်နှင့်ပတ်သက်၍ ယခုထက်ပိုမိုစနစ်တကျဖြစ်သင့်သည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိကြောင်း၊ **လွှတ်တော်သည် ဥပဒေပြုသည့်သူများ၏နေရာဖြစ်သဖြင့် အခြေခံအားဖြင့် ပညာရေးကောင်းမွန်ပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းကောင်းမွန်သည့်သူများဖြစ်ရန် လိုအပ်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ဥပဒေပြင်ဆင်ချက်များကိုလည်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ လာမည့် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကိုကျင်းပသွားမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး အတတ်နိုင်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဲပေးနိုင်ရန် အခက်အခဲရှိသူများအတွက်လည်း ကြိုတင်မဲများပေးနိုင်ရေးအတွက်လည်း ဥပဒေထုတ်ပြန်ပြီးဖြစ်ကြောင်း၊ **နိုင်ငံ၏အကျိုးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး အမှန်တကယ် မဲပေးကြရန်အတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်မှ နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း အားလုံးဝိုင်းဝန်း ကူညီကြိုးစား၍ တိုက်တွန်းစည်းရုံး ဆောင်ရွက်ပေးရန်လို**ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ တာဝန်ဖြစ်ပြီး မဲပေးနိုင်အောင်ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး၊ ရွေးကောက်ပွဲအားမလိုလား၍ ဖျက်ဆီးမည့်သူများအန္တရာယ်မှ ကာကွယ်တားဆီးပေးနိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့ ကာကွယ်တားဆီးပေးနိုင်ရန်အတွက် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ဆောင်ရွက်ခြင်း၊ လိုအပ်ချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခဲ့ပြီး ဆောင်ရွက်ခြင်း၊ ပြည်သူ့လုံခြုံရေး၊ ကာကွယ်ရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းများရှိသော်လည်း ၎င်းတို့ဖြင့် မလုံလောက်ဘဲ ပြည်သူလူထုတစ်ရပ်လုံးမှလည်း တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီ ကြိုးစားပူးပေါင်းဆောင်ရွက်ပေးမှသာလျှင် ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိတို့မျှော်မှန်းထားသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လေးနှစ်ကျော်ကာလ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ "ကျွန်တော်တို့ ဒီကာလပေါ့။ လေးနှစ်ခွဲတာ ကာလအတွင်းမှာ လုပ်ငန်းအရပ်ရပ်အားလုံးကို အခက်အခဲပေါင်းစုံကနေပြီးတော့ ရင်ဆိုင်ကျော်လွှားပြီး ဒီလိုလက်ရှိ အခြေအနေမျိုးဖြစ်လာတဲ့အထိ ဝိုင်းဝန်းဆောင်ရွက်ပေးမှုတွေအတွက် တက်ရောက်လာကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နောင်မှာလည်း ဆက်လျှောက်ရမယ့် ခရီးစဉ်တွေမှာလည်း ကျွန်တော်တို့ ဒီလိုပဲ အောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းကူညီပေးကြဖို့လည်း ကျွန်တော် တိုက်တွန်းလိုပါတယ်။ ဆက်လျှောက်လှမ်းမယ့်ခရီး၊ နိုင်ငံတော်ရဲ့ ရှေ့ခရီးကတော့ အများကြီးကျန်ပါသေးတယ်။ ဒါတွေက ကျွန်တော်တို့က ဒုတိယစာမျက်နှာရဲ့ အစ ဖြစ်ပါတယ်။ ပထမစာမျက်နှာကတော့ ကျွန်တော်တို့ ကျော်ခဲ့ပြီးပြီ။ ဒုတိယစာမျက်နှာအစကို ကျွန်တော်တို့ သွားတာပေါ့။ ဒုတိယစာမျက်နှာအစမှာ ကျွန်တော်တို့ တကယ့်ကောင်းမွန်လှတဲ့ လက်ရေးလှလှလေးနဲ့ရေးပြီးတော့မှ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ အခက်အခဲပေါင်းစုံက ရင်ဆိုင်ပြီးတော့ လုပ်ရတဲ့လုပ်ရကျိုးကနေ ပိုပြီး လုပ်ရကျိုးနပ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အားလုံးပဲ အစစအရာရာ အောင်မြင်တိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ကျေးဇူးလည်းအများကြီးတင်ပါတယ်" ဟု ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တက်ရောက် လာကြသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

* စာမျက်နှာ ၂၄ မှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**နှစ်လတစ်ကြိမ် ကျင်းပ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုများကိုထိရောက်စွာ တိုက်ဖျက်ရန် ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို နှစ်လတစ်ကြိမ် ကျင်းပလာခဲ့သည်မှာ ယခုအခါ အကြိမ် (၂၀) မြောက်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး (၁၉) ကြိမ်အထိ ဆုံးဖြတ်ချက် ၆၅၃ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့အစည်းအဝေးကျင်းပရသည့် ရည်ရွယ်ချက်နှစ်ချက်ရှိကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက်ပို၍ ထိထိမိမိဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ မှာကြားချက်အပေါ် မိမိတို့ကော်မတီအနေဖြင့်လည်း ယခုထက်ပို၍ ဖမ်းဆီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ မသမာမှုနည်းလမ်းပေါင်းစုံရှိနေမှုတို့ကို ဖော်ထုတ်ဖမ်းဆီးတိုက်ဖျက်နိုင်မှသာ တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍ လအလိုက် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ တရားမဝင်ကုန်ပစ္စည်းဖမ်းဆီးရရှိမှုသည် လစဉ်တိုးတက်များပြားလာကြောင်း၊ ထိုသို့ ဖမ်းဆီးရရှိမှုတိုးလာခြင်းသည် တရားမဝင်ကုန်ပစ္စည်းများ လအလိုက် နိုင်ငံအတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်မှုများပြားနေခြင်းကိုလည်း ဖော်ပြနေကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုလုံးဝကင်းစင်သည်အထိ ယခုထက်ပိုမို၍ကြပ်ကြပ်မတ်မတ် ဝိုင်းဝန်းဖော်ထုတ်ဖမ်းဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေးအချို့နေရာများ၌ ပို့ကုန်သွင်းကုန် မညီမျှမှုမဖြစ်စေရန်နှင့် ပို့ကုန်တန်ဖိုးနှင့်သွင်းကုန်တန်ဖိုး တန်းတူနီးပါးညီမျှမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးတိုက်ဖျက်ရာတွင် နယ်မြေအခြေအနေအရ၊ လုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးစခန်းအချို့ကို ခေတ္တပိတ်ထားရကြောင်း၊ ထိုသို့ ပိတ်ထားရသည့်အတွက် Normal Trade ကို ရေလမ်းကြောင်းမှတစ်ဆင့် အဓိကဆောင်ရွက်လျက်ရှိပါကြောင်း၊ Normal Tradeတွင်လည်း ပို့ကုန်နှင့် သွင်းကုန် စစ်ဆေးကြပ်မတ်မှုနှင့် စာရင်းမှန်ကန်မှုတို့တွင် ယိုပေါက်များရှိကြောင်း၊ အလားတူနယ်စပ်ကုန်သွယ်ရေးကို ပိတ်ဆို့တားဆီးနေသော်လည်း နည်းမျိုးစုံဖြင့် တရားမဝင်တင်ပို့ခြင်း၊ တင်သွင်းခြင်းများ စသည်တို့တွင်လစ်ဟာနေသည့် ယိုပေါက်များရှိနေသေးကြောင်း၊ ဇူလိုင်လအတွင်း မိမိတို့ဦးဆောင်ကော်မတီသို့ သတင်းပေးတိုင်ကြားမှုကြောင့် မြဝတီနယ်စပ်ဘက်မှ တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ် ၁၄၄ စီးမှာ ဘားအံမြို့မှဖြတ်၍ ရန်ကုန်ဘက်သို့ ညအချိန် တရားမဝင်ဖြတ်သန်းသွားမှုအခြေအနေကို သိရှိရ၍ ချက်ချင်း သက်ဆိုင်ရာအထူးအဖွဲ့များနှင့် OSS ဝန်ထမ်းများမှတစ်ဆင့် ပိတ်ဆို့ဖမ်းဆီးမှုကြောင့် (၁၃၂)စီးကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း။

**ပြင်းပြင်းထန်ထန် အရေးယူသွားမည်**

ယင်းဖြစ်စဉ်နှင့် ဆက်စပ်လျက် သက်ဆိုင်ရာတာဝန်ကျ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် တရားမဝင်တင်သွင်းလာသည့်ကုန်ပစ္စည်းများကို သိလျက်နှင့် ဖမ်းဆီးခြင်းမပြုခဲ့သလို မော်တော်ယာဉ်အလိုက် တင်ဆောင်လာသည့် တရားမဝင်ကုန်ပစ္စည်းစာရင်းများကိုလည်း မှန်မှန်ကန်ကန်စစ်ဆေးခြင်းမရှိဘဲ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝမရရှိစေသည့် မသမာသောလုပ်ဆောင်ချက်များဖြင့် ဝန်ထမ်းတစ်ဦးချင်းအပါအဝင် မိမိအဖွဲ့အစည်း၏ ကိုယ်ကျိုးစီးပွားအလို့ငှာ ဆောင်ရွက်ခဲ့ကြောင်းကိုလည်း နောက်ဆက်တွဲ ဖော်ထုတ်တွေ့ရှိရသည့်အတွက် ပြင်းပြင်းထန်ထန်အရေးယူသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးများတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ဝန်ထမ်းများက ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ပြုလုပ်ကြရန် အမြဲမှာကြားထားပြီးဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်း တစ်ဦးချင်း၏လုပ်ငန်းအပေါ်ထားရှိသည့် သစ္စာတရား၊ ဝန်ထမ်းဂုဏ်သိက္ခာနှင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိခဲ့ကြသည့် ပါဝင်ပတ်သက်သူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်း၏အရေးကိစ္စများတွင် မိမိပါဝင်ပတ်သက်သည့်အဖွဲ့အစည်းနှင့် ယှဉ်လာပါက အဖွဲ့အစည်းကိုသာ ဦးစားပေးရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းနှင့်နိုင်ငံတော် ယှဉ်လာပါက နိုင်ငံတော်၏အရေးကိစ္စ၊ အကျိုးစီးပွားကိုသာ ဦးစားပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှုလုပ်ဆောင်နေကြသူများ၏ အသုံးချခံမဖြစ်ကြစေလိုကြောင်း၊ ယင်းကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အမြဲမပြတ် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့်နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"MSMEs လုပ်ငန်းများအတွက်လည်း လိုအပ်သည့် ကုန်ကြမ်းများရရှိရေးမှာ အဓိကအရေးကြီးလိုအပ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSMEs လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်မှလည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများပြုလုပ်ခြင်း၊ ဒေသအလိုက် တရားမဝင်သယံဇာတများ ထုတ်ယူခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် များစွာထိခိုက်စေလျက်ရှိ၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း"** လမ်းညွှန်မှုပြုခဲ့ကြောင်း။

ဖမ်းဆီးရရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၅ ခုနှစ် ဇွန်လအထိ ၃ နှစ်နှင့် ၆လတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၅၂၃၁ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၆၆၃ ဒသမ ၉၁၉ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့ဖမ်းဆီးရရှိခဲ့မှုသည် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖမ်းဆီးရမိမှုများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ထိုသို့ဖမ်းဆီးရမိခြင်းသည် တာဝန်ကျေပွန်စွာဖြင့် သစ္စာရှိရှိဆောင်ရွက်နေသည့်ဝန်ထမ်းများကြောင့် ဖြစ်သလို တစ်ဖက်ကလည်း မိမိကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်၍ မသမာသောလုပ်ရပ်များဖြင့် ပါဝင်ပတ်သက်နေသည့် သစ္စာမဲ့ဝန်ထမ်းများရှိသည့်အတွက် စိစစ်ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရရှိမှုများကို ကြည့်မည်ဆိုပါက မေလနှင့် ဇွန်လများအတွင်း ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က အများဆုံး၊ ရှမ်းပြည်နယ်က ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးက တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင် ကုန်စည်တင်မော်တော်ယာဉ်နှင့် ရေယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက ဒုတိယအများဆုံးနှင့် တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

**ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးသွားရန်လို**

တရားဝင်လမ်းကြောင်းများမှ ဝင်ရောက်လာသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများအပါအဝင် အခြားကုန်ပစ္စည်းများကို ဝန်ကြီးဌာနအလိုက် သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးများကိုက်ညီမှုရှိရန် လိုအပ်သည့်အပြင် တာဝန်ကျဝန်ထမ်းများက စစ်ဆေးကြပ်မတ်ရမည်ဖြစ်ကြောင်း၊ စစ်ဆေးကြပ်မတ်ရမည့် ဝန်ထမ်းများကလည်း ဘာသာရပ်အလိုက် ကျွမ်းကျင်မှုရှိပြီး မျက်မြင်စစ်ဆေးခြင်းထက် ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးသွားရန်လိုကြောင်း၊ သို့မှသာဝင်ရောက်လာသည့် အရည်အသွေးပြည့်မီသည့်ပစ္စည်းများသည် အမှန်တကယ်သုံးစွဲမည့် ပြည်သူများ လက်ဝယ်သို့ရောက်ရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာ့နိုင်ငံအများစုတွင် အဓိကမူဝါဒရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စိန်ခေါ်မှုတစ်ရပ် ကြုံတွေ့နေသည်ကို သိရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများသည် မြေပြင်တွင် တရားမဝင်နည်းလမ်းများနှင့် ကုန်သွယ်မှုပြုနေကြသကဲ့သို့ အွန်လိုင်းမှတစ်ဆင့်လည်း ပုံစံမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး တားဆီးစစ်ဆေးရာတွင် နည်းပညာအကူအညီရယူ၍ လိုအပ်သည့် သုတေသနလုပ်ငန်းများဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ တရားမဝင်ကုန်သွယ်မှုများကို နိုင်ငံတော်အတွက် တားဆီးတိုက်ဖျက်ရန် မိမိတို့ ဦးဆောင်ကော်မတီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတွင်ရှိသည့် တရားမဝင်ကုန်သွယ်မှုအထူးအဖွဲ့များ၊ ကော်မတီများအောက်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအားလုံး၏ တာဝန်ဖြစ်ကြောင်း။

ဆက်လက်၍ ယခုဇူလိုင်လ ၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး သွင်းကုန်ယာဉ်စစ်ကွင်းတွင် ကုန်တင်မော်တော်ယာဉ်လေးစီးနှင့် ယာဉ်ငယ်များကို သီးခြားယာဉ်စစ်စင်ဖြင့် နှစ်စီး တစ်ပြိုင်နက်တည်းစစ်ဆေးနိုင်ခြင်း၊ ပို့ကုန်ယာဉ်စစ်ကွင်းတွင် ကုန်တင်မော်တော်ယာဉ်နှစ်စီးနှင့် ယာဉ်ငယ်များကို နှစ်စီး တစ်ပြိုင်နက်တည်းစစ်ဆေးနိုင်ခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ချနိုင်မည့်အပြင် စစ်ဆေးချိန်ကြာမြင့်မှုများကို လျော့ချနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါဂိတ်မှ တရားမဝင်ပစ္စည်းများကို နည်းမျိုးစုံဖြင့် တင်သွင်းရန် ကြိုးစားသော်လည်း ကျွမ်းကျင်ဝန်ထမ်းများ၏ စစ်ဆေးမှုကြောင့် လက်နက်ခဲယမ်းအပါအဝင် တရားမဝင်ကုန်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် မိမိအဖွဲ့အစည်းအကျိုး၊ နိုင်ငံတော်အကျိုးအတွက် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ကြရန် ထပ်မံသတိပေး တိုက်တွန်းပြောကြားလိုကြောင်း၊ သတိပြုရန်အချက်မှာ လုံခြုံရေးအပိုင်းသည် အရေးကြီးသည့်အတွက် စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် လုံခြုံရေးအသိလုံခြုံရေးသတိရှိရန် လိုအပ်သလို အဖွဲ့အစည်း၏ လုံခြုံရေးကို နယ်မြေဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံတကာတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ Transnational Alliance to Combat Illicit Trade(TRACIT) နိုင်ငံဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့၏ ဖော်ပြချက်အရ တရားမဝင်ကုန်သွယ်မှုများသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄၆၀ ဘီလီယံထက် မနိမ့်ကျဘဲ ဆက်လက်ဖြစ်ပွားနေသည်ကို သိရှိရကြောင်း၊ ယင်းသည် တရားမဝင်ငွေကြေးစီးဆင်းမှုမှတစ်ဆင့် သွားနေကြခြင်းဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တိတိကျကျစစ်ဆေးဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း။ စာမျက်နှာ ၇ သို့ *

❖ **ဖမ်းဆီးရရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၅ ခုနှစ် ဇွန်လအထိ ၃ နှစ်နှင့် ၆ လတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၅၂၃၁ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၆၆၃ ဒသမ ၉၁၉ ဘီလီယံ ဖမ်းဆီးရမိခဲ့**

❖ **ထိုသို့ဖမ်းဆီးရရှိခဲ့မှုသည် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖမ်းဆီးရမိမှုများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြု**

* စာမျက်နှာ ၆ မှ

အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပြုလုပ်ရာတွင် တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ ရှိနေသည့်အတွက် နိုင်ငံတော်အတွက် အခွန်အခမှတစ်ဆင့် ဘဏ္ဍာငွေရရှိမှု များစွာနစ်နာဆုံးရှုံးမှုများရှိကြောင်း၊ ပြည်ပသို့ တင်ပို့သည့် ပို့ကုန်နှင့် ပြည်တွင်းသို့တရားဝင် ဝင်ရောက်လာသည့် သွင်းကုန်မှာ ညီမျှမှုမရှိဘဲ ကွာခြားမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ပြီးခဲ့သည့် ဧပြီလတွင် မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်တန်ဖိုးသည်အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၉၂ သန်းဖြစ်ပြီး ထိုင်းနိုင်ငံဘက်မှ သွင်းကုန်တန်ဖိုးမှာ ၂၁ ဒသမ ၉၈၂ သန်းဖြစ်သည့်အတွက် ၉ သန်းကျော် ကွာခြားလျက်ရှိကြောင်း၊ သွင်းကုန်ပိုင်းတွင် စာရင်းအရ ထိုင်းဘက်မှ ပို့ကုန်တန်ဖိုးသည် ၁၁၃ ဒသမ ၉၇ သန်းဖြစ်ပြီး မိမိတို့ဘက်မှသွင်းကုန်လက်ခံတန်ဖိုးမှာလည်း ၆ သန်းကျော်သာရှိသည့်အတွက် ၁၀၇ သန်းကျော် ကွာခြားလျက်ရှိကြောင်း၊ ယင်းအတွက် နှစ်နိုင်ငံ အစိုးရအချင်းချင်း ကုန်သွယ်မှုအချိုး တူညီစေရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသလို သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များကလည်း သစ္စာရှိရှိ စစ်ဆေးဆောင်ရွက်ကြရန်လိုအပ်ပြီး တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ကုန်သွယ်မှုတန်ဖိုးမညီမျှမှုကြောင့် နိုင်ငံတော်မှ ရရှိမည့်အခွန်အခများမှာ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ နစ်နာသလို အဆိုပါတရားမဝင် ပို့ကုန်၊ သွင်းကုန်တန်ဖိုးအတွက် သုံးစွဲလိုက်သည့် နိုင်ငံခြားသုံးငွေ၊ ရရှိလာသည့် နိုင်ငံခြား သုံးငွေတို့မှ အဆိုပါ တရားမဝင်ကုန်သွယ်မှုကို သစ္စာမဲ့နိုင်ငံ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေများစွာ နစ်နာသလို တရားမဝင်ရရှိလာသည့် နိုင်ငံခြားသုံးငွေများလည်း Cryptocurrency ကဲ့သို့ တရားမဝင်ငွေကြေးစီးဆင်းမှုမှတစ်ဆင့် မိမိတို့နိုင်ငံ၏ နိုင်ငံခြားငွေရရှိနိုင်မှုကိုလည်း များစွာထိခိုက်နစ်နာစေခြင်း၊ တရားမဝင် ကုန်ပစ္စည်းများကြောင့် မှောင်ခိုရောင်းဝယ်မှု၊ အရည်အသွေးပြည့်မီမှုမရှိသည့် သွင်းကုန်ပစ္စည်းများမှတစ်ဆင့် ပြည်တွင်းသုံးစွဲသူများအတွက် ထိခိုက်နစ်နာစေခြင်းအပြင် ကုန်ဈေးနှုန်းကမောက်ကမဖြစ်စေခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း လျော့ကျစေခြင်း၊ ၎င်းမှတစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးစေခြင်းနှင့် ကုန်ထုတ်စွမ်းအားလျော့ကျခြင်း၊ ပို့ကုန်လျော့ကျခြင်း စသည့် ပြဿနာများကိုဖြစ်စေသည်အထိ စဉ်းစားသုံးသပ်ပြီး သက်ဆိုင်ရာအထူးအဖွဲ့များအလိုက် ထိထိမိမိ ဖမ်းဆီးဖော်ထုတ်ကြရန် တိုက်တွန်းလိုကြောင်း။

သတင်းပေးကိစ္စနှင့် ပတ်သက်ပြီး လာရောက်သတင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သတင်းလာရောက်ပေးသည့် သတင်းများကိုလည်း မှန်/မမှန် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများနှင့် အလေးထား စဉ်းစားဆုံးဖြတ်ဆောင်ရွက်ကြစေလိုကြောင်း၊ သတင်းပေးသည့်သူများကိုလည်း နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်မှုများ ဆောင်ရွက်လျက်ရှိရာ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကရင်ပြည်နယ် ဘားအံမြို့မှ သတင်းပေးသည် သက်ဆိုင်ရာနယ်မြေရှိ တာဝန်ရှိသူများထံ သတင်းမပေးဘဲ ဦးဆောင်ကော်မတီသို့ သတင်းပေးခြင်းသည် အဆိုပါနယ်မြေရှိ တာဝန်ရှိသူများကို ယုံကြည်မှုလျော့နည်းမှုကြောင့် ဖြစ်သည်ကို ထင်ရှားစွာတွေ့ရမည် ဖြစ်ကြောင်း၊ ထိုသို့ မဖြစ်စေရေး တရားမဝင်ကုန်သွယ်မှုတားဆီးရေးတွင် အဓိကအရေးပါသည့် သတင်းပေးသူများ ယုံကြည်မှုမပျက်စီးစေရေးကိုလည်း အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နယ်စပ်မှ တရားမဝင် ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး ကြပ်ကြပ်မတ်မတ် ဖမ်းဆီးတိုက်ဖျက်ရေးနှင့် ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး ညီမျှမှုရှိစေရေး ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ထမ်းများ၏ ယုံကြည်ချက်ခံယူချက်များအား ပြုပြင်သင့်သည်များကို ပြုပြင်ပေးပြီး အရေးယူသင့်သည်များကိုလည်း ပြတ်ပြတ် သားသား အရေးယူဆောင်ရွက်သွားရန်လိုကြောင်းနှင့် တက်ရောက်လာကြသူများ အနေဖြင့် တရားမဝင် ကုန်သွယ်မှုကိစ္စများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးလိုသည် များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၂/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ထူးခြားဖမ်းဆီးရမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ ရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ရဲမြင့်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင် ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်နေမှုအခြေအနေ၊ ရှောင်ကွင်းလမ်းကြောင်းများ၌ ပိတ်ဆို့တားဆီး ရှာဖွေစစ်ဆေးခဲ့မှုအခြေအနေ၊ တရားမဝင်ထိန်းချုပ် ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ လက်နက် ခဲယမ်းများ၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများဖမ်းဆီးရမိမှု၊ အဆိုပါဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ အဆိုပါ ဖမ်းဆီးရမိသည့်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ခန့်အပ်လွှာ လာရောက်ပေးအပ်



နေပြည်တော် ဇူလိုင် ၃၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fund-UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Yasumasa Kimura က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့မွန်းလွဲ ၂ နာရီတွင် လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့်အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃၀**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုး၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှုနှင့် ဒေသခံ့ဝန်ထမ်းများ ခရီးသွားလာရေးနှင့် အခြေပြုနေထိုင်နိုင်ရေးအတွက် တင်ပြဆောင်ရွက်ရမည့် အစီအစဉ်၊ UNHCR အနေဖြင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် ခွင့်ပြုချက်တင်ပြဆောင်ရွက်ရမည့်နည်းလမ်း၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရုရှားနိုင်ငံ ကမ်ချတ်ကာကမ်းလွန်ပင်လယ်ပြင်တွင် ပြင်းအား ၈ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်

## ၁၉၅၂ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး ငလျင်ဖြစ်

ဗလာဒီဗော့စတော့ခ် ဇူလိုင် ၃၀

ရုရှားနိုင်ငံ ကမ်ချတ်ကာကျွန်းဆွယ်ကမ်းလွန် ပင်လယ်ပြင်တွင် ဇူလိုင် ၃၀ ရက်က ပင်လယ်ပြင် အနက် ၂၀ ဒသမ ၇ ကီလိုမီတာကို ဗဟိုပြု၍ ပြင်းအား ၈ ဒသမ ၈ အဆင့်ရှိအင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒတိုင်းတာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ ယင်းငလျင်မှာ ၁၉၅၂ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံးငလျင်ဖြစ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ၏ ဘူမိရူပဗေဒဆိုင်ရာ ဝန်ဆောင်မှုဌာနခွဲက ထုတ်ပြန်ထားသည်။

ကမ်ချတ်ကာဒေသတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် ဆူနာမီလှိုင်းသည် ရုရှားနိုင်ငံ အရှေ့ဖျားဒေသအနှံ့အပြား ရိုက်ခတ်မှုရှိကြောင်း၊ ဆူနာမီလှိုင်းကြောင့် ကူရီလ်ကျွန်းစုဆီဗဲရို-ကူရီလ်စ်ခ်မြို့တွင်ရှိသည့် ပင်လယ်စာထုတ်လုပ်ရေးစက်ရုံပျက်စီးသွားသည့် ရုပ်သံဖိုင်ကို ရုရှားသတင်းစာ Izvestia က လူမှုကွန်ရက်တွင် ဖော်ပြထားသည်။ ရုရှားနိုင်ငံပိုင် ရုပ်မြင်သံကြား တစ်ခုတွင် ကမ်ချတ်ကာဒေသ၌ သူငယ်တန်းကျောင်းဆောင်တစ်ခုပြိုကျနေသည့် ရုပ်သံဖိုင်ကိုလည်း ထုတ်လွှင့်ဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် အလက်စကာ၊ ဟာဝိုင်ယီ၊ ဂူအမ်နှင့် အနောက်ဘက်ကမ်းရိုးတန်းဒေသတို့အပါအဝင် အမေရိကန်ပြည်ထောင်စုတွင် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ၁ ဒသမ ၇ မီတာရှိလှိုင်းလုံးကြီးများ ဟာဝိုင်ယီကျွန်းစုကို ရိုက်ခတ်ခဲ့ကြောင်း၊ ဟာဝိုင်ယီတွင် ဆူနာမီသတိပေးချက်များ ဆက်လက်အသက်ဝင်နေဆဲဖြစ်ကြောင်း ပစိဖိတ်ဒေသ ဆူနာမီသတိပေးရေးစင်တာက ပြောသည်။

ဂျပန်မိုးလေဝသအေဂျင်စီက ဇူလိုင် ၃၀ ရက် ညနေပိုင်းမှစတင်ကာ ဂျပန်နိုင်ငံရှိ ဒေသအားလုံးအတွက် ဆူနာမီသတိပေးချက်များကို အကြံပေးချက်များအဖြစ် ပြင်ဆင်သတ်မှတ်လိုက်ပြီဖြစ်သည်။ သို့သော်လည်း ပြည်သူများအနေဖြင့် အကြံပေးချက်များ မရုပ်သိမ်းမီအထိ သတိထားနေထိုင်ကြရန် တာဝန်ရှိသူများက ပြောသည်။ အစိုးရတာဝန်ရှိသူများ၏ ထုတ်ပြန်ချက်အရ ဒေသ ၂၂၉ ခုမှ လူပေါင်း နှစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် တိုက်တွန်းထားသည်။

ထို့အပြင် အာဏာပိုင်များက ပင်လယ်နှင့် ဝေးရာတွင် နေထိုင်ကြရန်၊ ပိုမိုမြင့်မားသော နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် ပြည်သူများကို တောင်းဆိုထားသည်။ ဆူနာမီသတိပေးချက်များကြောင့် ရထားနှင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့သည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ



အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ကမ်ချတ်ကာဒေသရှိ သူငယ်တန်းကျောင်းဆောင်ပြိုကျမှုကို ဇူလိုင် ၃၀ ရက်က တွေ့ရစဉ်။

## ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေ မြင့်တက်လာမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ကြိုတင်ခန့်မှန်းထား



ဝါရှင်တန် ဇူလိုင် ၃၀

ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ရှေ့လတွင် ခန့်မှန်းခဲ့သည်ထက် ပိုမိုအားကောင်းလာမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ခန့်မှန်းထားသည်။

အမေရိကန်ပြည်ထောင်စုသို့ ကုန်ပစ္စည်းတင်သွင်းမှု ရုတ်တရက် မြင့်တက်လာခြင်းမှာ ကုမ္ပဏီများက လာမည့်မြင့်မားသော သွင်းကုန်ခွန်များကို ရှောင်ရှားရန် ကြိုးပမ်းခြင်းနှင့် အချို့အစိုးရများက စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နောက်ဆုံးခန့်မှန်းချက် မြင့်တက်လာခဲ့သည်။

သို့သော်လည်း ပိုမိုမြင့်မားသော အခွန်များနှင့် မရေရာမှုများ ပိုများလာပါက စီးပွားရေးတိုးတက်မှု အားနည်းကာ လုပ်ရှားမှု နှေးကွေးသွားနိုင်ကြောင်း အိုင်အမ်အက်ဖ်က သတိပေးခဲ့သည်။

တစ်ပြိုင်နက်တည်းတွင် ဗြိတိန်၏ စီးပွားရေးတိုးတက်မှုသည် ယခုနှစ်တွင် ၁ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၂၀၂၆ ခုနှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားသည်။

ဗြိတိန်သည် ယခုနှစ်နှင့် လာမည့်နှစ်တွင် ကမ္ဘာ့အဆင့်မြင့်စီးပွားရေးနိုင်ငံများထဲမှ အမေရိကန်နှင့် ကနေဒါပြီးလျှင် တတိယမြောက် အလျင်မြန်ဆုံး တိုးတက်လာမည့် စီးပွားရေးနိုင်ငံ ဖြစ်လာနိုင်ကြောင်း သိရသည်။

Mon

0-0-0-0-0



## ဖူကူရှီးမား နျူစက်ရုံမှ ရေဒီယိုသတ္တိကြွ အပျက်အစီးများ ဖယ်ရှားမည့်လုပ်ငန်း ၂၀၃၇ ခုနှစ်အထိ ရွှေ့ဆိုင်း

တိုကျို ဇူလိုင် ၃၀

ဂျပန်နိုင်ငံရှိ ဆူနာမီဒဏ်သင့် ဖူကူရှီးမားနျူကလီးယားစက်ရုံမှ အန္တရာယ်ရှိပစ္စည်း တန်ပေါင်းရာနှင့်ချီရှိသည့် ရေဒီယိုသတ္တိကြွ အပျက်အစီးများကို ဖယ်ရှားမည့် ကြီးမားသောလုပ်ငန်းကို အနည်းဆုံး ၂၀၃၇ ခုနှစ်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

၂၀၁၁ ခုနှစ်က ပြင်းအား ၉ ဒသမ ၀ အဆင့်ရှိ ငလျင်ကြောင့် ဖြစ်ပွားခဲ့သော ဆူနာမီအပြီး သမိုင်းတစ်လျှောက် အဆိုးရွားဆုံး နျူကလီးယားမတော်တဆမှုများထဲမှ တစ်ခုဖြစ်သည့် အဆိုပါ ဓာတ်အားပေးစက်ရုံ အတွင်း အန္တရာယ်ရှိသော ပစ္စည်း တန်ချိန် ၈၈၀ ခန့် ကျန်ရှိနေဆဲဖြစ်သည်။

ပြန်လည်ထုတ်ယူခြင်းလုပ်ငန်းစတင်ရန်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် ယခုမှစလျှင် ၁၂ နှစ်မှ ၁၅ နှစ်ထိ ကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း တက်ပ်ကို ကုမ္ပဏီမှ အရာရှိ အာကီရာအိုနို က သတင်းထောက်များကို ရှင်းလင်းပြောကြားသည်။

ယခင်က ၂၀၃၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင် စတင်ရန် မျှော်မှန်းထားခဲ့ပြီးနောက် အဆိုပါပစ္စည်းများ ဖယ်ရှားခြင်းလုပ်ငန်းကို အစောဆုံး ၂၀၃၇ ခုနှစ်တွင်မှ စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Mon




## ဗီယက်နမ်မြောက်ပိုင်း တောင်တန်းဒေသတွင် မိုးသည်းထန်ရေကြီးမှုကြောင့် လူ ငါးဦး သေဆုံး

ဟနွိုင်း ဇူလိုင် ၃၀

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း တောင်တန်းဒေသတွင် သီတင်းပတ်ကုန်က ရုတ်တရက် ရေကြီးမှုဖြစ်ပွားရာ လူ ငါးဦး သေဆုံးခဲ့ပြီး နောက်ထပ်တစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဇူလိုင် ၂၉ ရက်တွင် ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဇွန်လာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးမှုများ ဖြစ်ပွားရာ နေအိမ် ၂၂ လုံး ပျက်စီးခဲ့ပြီး အများအပြား ထိခိုက်ပျက်စီးကာ မိသားစု ဒါဇင်ပေါင်းများစွာကို စိုက်ပျိုးရေးဝန်ကြီးဌာနက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းစေခဲ့သည်။

ရုပ်အလောင်း သုံးလောင်းကို ပြန်လည်တွေ့ရှိခဲ့ပြီး ယင်းမတိုင်မီက သေဆုံးသူ နှစ်ဦးကို တွေ့ရှိထားခဲ့ရာ စုစုပေါင်း ငါးဦးဖြစ်ကြောင်းနှင့် နောက်ထပ်တစ်ဦးကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ထိုဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။



သီးနှံစိုက်ခင်း ၄၄၅ ဧကကျော်နှင့် ကျွဲ၊ နွား၊ ကြက်ငှက် အကောင်ရေ ၂၆၀၀ ကျော်တို့လည်း ရေစီးထဲမျောပါသွားခဲ့ကြောင်း သိရသည်။

Mon

# မိတ္ထီလာမြို့နယ်အတွင်းရှိ ဇီးတော-ဒဟတ်သွား ကားလမ်းပေါ်၌ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးပေါက်ကွဲ

နေပြည်တော် ဇူလိုင် ၂၀

PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများပျက်ပြားစေရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့၊ ရွာများအတွင်း ဒေသခံပြည်သူများအသွင်ဖြင့် စိမ့်ဝင် ဝင်ရောက်လာကာ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ပြည်သူလူထု၏ တိုက်တာအိုးအိမ်များကို မိုင်းထောင်ဖောက်ခွဲခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လွယ်ကူစွာ ဝင်ထွက်သွားလာခြင်းများ မလုပ်ဆောင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။




မိတ္ထီလာမြို့နယ် ဇီးတော-ဒဟတ်သွား ကားလမ်းပေါ်၌ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသော ယာဉ်တစ်စီးမီးလောင်ပေါက်ကွဲသည့် ဖြစ်စဉ်နေရာပြပုံ။

ထိုသို့ စစ်ဆေးမှုများဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ဇီးတော-ဒဟတ်သွား ကျေးရွာချင်းဆက်မြေသားလမ်းပေါ်၌ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် ဆားတောင်မှ ဇီးတောသို့ မောင်းနှင်လာသော Hiace ခဲရောင် (လိုင်စင်စိစစ်ဆဲ) ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် အစစ်ဆေးခံရန် ရပ်တန့်စေခဲ့ရာ အဆိုပါယာဉ်မှာ ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးသွားစဉ် တိမ်းမှောက်မှုဖြစ်ပေါ်ခဲ့ရာမှ ယာဉ်ပေါ်တွင်ပါလာသော ပေါက်ကွဲစေတတ်သောပစ္စည်းများဟု ယူဆရသည့် ပစ္စည်းများကြောင့် ယာဉ်မှာ ပေါက်ကွဲပြီး မီးလောင်သွားခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါပေါက်ကွဲ၍ မီးလောင်သွားသော ယာဉ်အနီးဝန်းကျင်သို့ သွားရောက်စစ်ဆေးရာ ယာဉ်အတွင်းမှ အမ်ဂျီ-၁ ပလတ်စတစ်လက်ပစ်ဗုံး ရိုက်မောင်းတံ အစုအဝေး တစ်ခု၊ PDF လက်မောင်းတံဆိပ်၊ အနီရောင်မီးကြိုးခွေ တစ်ခွေနှင့် သေဆုံးနေသည့် PDF အမည်ခံ အကြမ်းဖက်သမားအလောင်း ငါးလောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူ့လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို နေ့မအား ညမနား ဆောင်ရွက်ပေးလျက်ရှိပြီး အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုရန်မှ ကင်းဝေးစေရန်နှင့် ပြည်သူများ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter Terrorism Operation)များကို ပြည်သူလူထုနှင့် အတူပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၈ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



နေပြည်တော် ဇူလိုင် ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုု၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၈ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့် လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms.Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၀ ရက်အထိ မြန်မာနိုင်ငံ အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၂၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန် အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှအဖွဲ့ အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၉ မှ

ယူပြီးတော့ သူတို့ပဲကောင်းစားဖို့ အတွက်လုပ်တယ်။ သူတို့ကနောက်မှာ ထိုင်တယ်။ အေးဆေးပိုက်ဆံကို ဆီနဲ့ရေလိုသုံးကြတယ်။ ကျွန်တော်တို့ ကိုကြတော့ ရှေ့တန်းမှာဆိုရင် ရှုံးရှဲ စွန့်တန်နဲ့ ဖြစ်သလိုကျွေးတယ်။ ဖြစ်သလို ကျွေးပြီးတော့ အသေခံတိုက်ခိုင်းတယ်။ နောက်ဆုတ်လာပြီဆိုရင်လည်း ပစ်သတ်တာမျိုးတွေ၊ ခြိမ်းခြောက်တာမျိုးတွေ အများကြီး ရှိတယ်ဗျာ။ အဲဒါကြောင့်မလို့ နောင်ချိုမြို့ကို မရမက ထိုးမနိုင်ရင် မင်းတို့ကို သတ်မယ်ခြိမ်းခြောက်လို့ ကျွန်တော်တို့လည်း ရှေ့တန်းက အမြင်မှန်ရပြီးတော့ တပ်မတော်ထံကို အလင်းဝင်ရောက်ခြင်းဖြစ်ပါတယ်။ အခုမှဝင်လာတယ်ဆိုပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ် နောင်တရလို့မဆုံးဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီထဲဝင်လာရင် တပ်မတော်ဘက်ကလည်း အေးအေးချမ်းချမ်းနဲ့ ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန် နွေးထွေးစွာနဲ့ ကြိုဆိုတဲ့အတွက် ကျွန်တော်တို့မှာ ပြောမပြတတ်အောင် ဝမ်းသာပီတိ ဖြစ်မိပါတယ်။ နောက်နောင် တပ်မတော်နှင့် ပြည်သူအတွက်ကို ဘယ်လိုတာဝန်ပဲ ပေးပေး ကျွန်တော်တို့ ရဲရဲဝံ့ဝံ့နဲ့ တာဝန်ထမ်းဆောင်ပါ့မယ်လို့ ကတိပေးပါတယ်။ နောက်နောင်လည်း အကြမ်းဖက် အဖွဲ့အစည်းထဲကိုလည်း မဝင်တော့ပါဘူးလို့ ဝန်ခံကတိပြုပါတယ်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Sai Sang Sai Sang” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်နေ စိုင်းရှုန်အား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့မ ရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၇ရက်တွင် စတင်မည်



**ဝါရှင်တန် ဇူလိုင် ၃၀**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ လာမည့် ဩဂုတ် ၇ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၇ရက်မှ ၁၈ရက်အထိ ၁၃ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Cincinnati Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Cincinnati Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ဘီလာရုတင်းနစ်မယ် Aryna Sabalenka တို့ဖြစ်သည်။ **(အပေါ်ဝဲပုံ)(NGB)**

## ဂျိမ်းစ်ထရက်ဖို့ဒ်အား ငါးနှစ်စာချုပ်ဖြင့် မန်ချက်စတာစီးတီးအသင်း ခေါ်ယူ

**မန်ချက်စတာ ဇူလိုင် ၃၀**

မန်ချက်စတာစီးတီးအသင်းသည် ဘန်လေအသင်း ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်အား စတာလင်ပေါင် ၃၁သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အသက်(၂၂)နှစ်အရွယ်ရှိ ဂိုးသမားသည် ဘန်လေအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာစီးတီးအသင်းထုတ်ပြန်ချက်တွင် 'ဂျိမ်းစ်ထရက်ဖို့ဒ်အား ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

**(NGB)**

## ဂျာအိုဖီးလစ်ကိုခေါ်ယူခဲ့ပြီး အသင်းကစားသမားသစ်အဖြစ် အယ်လ်နာဆာအသင်း မိတ်ဆက်

**လန်ဒန် ဇူလိုင် ၃၀**

အယ်လ်နာဆာအသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂျာအိုဖီးလစ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀+ အပိုဆုကြေး ယူရို သန်း ၂၀ဖြင့် ခေါ်ယူခဲ့ပြီး အသင်းကစားသမားသစ်အဖြစ် မိတ်ဆက်ပွဲ အခမ်းအနားပြုလုပ်ပေးခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဘင်ဖီကာ၊ အက်သလက်တီကိုမက်ဒရစ်၊ ဘာစီလိုနာ၊ ချဲလ်ဆီး စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်နာဆာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အယ်လ်နာဆာအသင်းထုတ်ပြန်ချက်တွင် 'ဂျာအိုဖီးလစ်ကို ခေါ်ယူခဲ့ပြီး မိတ်ဆက်ပွဲအခမ်းအနား ပြုလုပ်ပေးခဲ့ပါတယ်။ သူ့အနေနဲ့လည်း အသင်းကိုများစွာ ပံ့ပိုးကူညီနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်'ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**




## ရန်ကုန်ယူနိုက်တက်အသင်းနှင့် ကွင်းလယ်ကစားသမား ဝေလင်းအောင်တို့ နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်း




**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်ယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား ဝေလင်းအောင်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့သည် ဇူလိုင် ၂၉ရက်မှစတင်ပြီး ကစားသမား၏ နိုင်ငံတကာ အခွင့်အလမ်းကောင်းများ ရရှိစေရန်ရည်ရွယ်၍ နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းလိုက်ပြီ ဖြစ်သည်။

ဝေလင်းအောင်သည် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စာချုပ်ဆက်လက်ကျန်ရှိနေသေးသော်လည်း Malaysia Super League ကလပ်အသင်းဖြစ်သည့် Negeri Sembilan အသင်းမှ ကမ်းလှမ်းမှုရရှိပါသဖြင့် ရန်ကုန်ယူနိုက်တက်အသင်းမှ ကစားသမား၏ အောင်မြင်မှုနှင့် နိုင်ငံတကာ အခွင့်အလမ်းသစ်များအတွက် ထွက်ခွာခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ကစားခဲ့သည့် ဝေလင်းအောင်သည်ပြီးခဲ့သည့် Myanmar National League Cup 2025 ရယူပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

**(အပေါ်ဝဲပုံ)(NGB)**

## ဝက်စလေအား ရိုးမားအသင်း ခေါ်ယူ

**တူရင် ဇူလိုင် ၃၀**

ရိုးမားအသင်းသည် ဖလာမင်ဂိုအသင်း နောက်ခံကစားသမား ဝက်စလေအား ပြောင်းရွှေ့ကြေး ယူရို ၂၅သန်း+အပိုဆုကြေး ယူရို ၅သန်းဖြင့် ၂၀၃၀ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ရိုးမားအသင်းတွင် ကျောနံပါတ် (၄၃) ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။ **(ယာပုံ)**

နောက်ခံကစားသမား ဝက်စလေသည် ဖလာမင်ဂိုအသင်းနှင့်အတူ ၂၀၂၁မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၃၆ပွဲ ကစားကာ ၄ဂိုး သွင်းယူပြီး ခြေစွမ်းပြထားခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရိုးမားအသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များ ထပ်မံခေါ်ယူသွားဦးမည် ဖြစ်သည်။ **(NGB)**




## အီဂေါလ်ပိုင်ရှောင်ကို ခေါ်ယူရန် မာဆေးလ်အသင်းသဘောတူညီမှု ရရှိ



**ပါရီ ဇူလိုင် ၃၀**

ပြင်သစ်လီဂူးကလပ် မာဆေးလ်အသင်းသည် ဖီယင်နူအသင်း တောင်ပံကစားသမား အီဂေါလ်ပိုင်ရှောင်ကို ခေါ်ယူရန် အလုံးစုံသဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။ **(အပေါ်ပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ယခုရက်ပိုင်းအတွင်း မာဆေးလ်အသင်းနှင့်အတူ ဆေးစစ်မှုခံယူကာ စာချုပ်ချုပ်ဆိုသွားမည် ဖြစ်သည်။

တောင်ပံကစားသမား အီဂေါလ်ပိုင်ရှောင် ဖီယင်နူအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၈ပွဲကစားပြီး ၃၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မာဆေးလ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား (၃)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(NGB)**

## ဂျေဇူးကို ခေါ်ယူရန် ဥရောပကလပ်အသင်းများအပြိုင် စိတ်ဝင်စား

**လန်ဒန် ဇူလိုင် ၃၀**

ဥရောပကလပ်အသင်းများဖြစ်သည့် စပါး၊ နယူးကာဆယ်၊ အင်တာမီလန်၊ အေစီမီလန်အသင်းတို့သည် အာဆင်နယ်အသင်းတိုက်စစ်မှူး ဂျေဇူးကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ပွဲကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

အာဆင်နယ်အသင်းကလည်း ဂျေဇူးအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဥရောပကလပ်အသင်းများ ဖြစ်သည့် စပါး၊ နယူးကာဆယ်၊ အင်တာမီလန်၊ အေစီမီလန်အသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းထံမှ ဂျေဇူးအား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**




## ဘောလုံးသတင်း အတိုအထွာများ

* ပရီးမီးယားလိဂ်ထိပ်သီးကလပ် လီဗာပူးအသင်းသည် နယူးကာဆယ်အသင်းတိုက်စစ်မှူး အီဆက်ခ်အား ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အသင်း ၄၈သင်းဖြင့် ပထမဆုံးအကြိမ် ကျင်းပလာမည့် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုမဲခွဲပွဲကို လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ **(NGB)**

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၃၁-၇-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၅:၃၀ နာရီ | ဆိုးလ်(တောင်ကိုရီးယား) – ဘာစီလိုနာ(စပိန်) |
| ။ | ညနေ ၆:၀၀ နာရီ | အာဆင်နယ်(အင်္ဂလန်) – စပါး(အင်္ဂလန်) |
| ။ | ည ၁၁:၃၀ နာရီ | ဗီလာရီးရဲလ်(စပိန်) – ဂျိနိုအာ(အီတလီ) |

# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း၊ Multipurpose Stadium ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာအောင်မြေခရိုင်နှင့် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲတွင် မဟာအောင်မြေခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ မဟာအောင်မြေခရိုင်အသင်းက ၆ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

၎င်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တတိယဆုရရှိသည့် အောင်မြေသာစံခရိုင် အသင်းအား တိုင်းဒေသကြီးဥပဒေချုပ်က တစ်ဦးချင်းဆုတံဆိပ်များနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ငွေသားဆုများကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းအား လူမှုရေးရာဝန်ကြီးက တစ်ဦးချင်း ဆုတံဆိပ်များနှင့် သယံဇာတရေးရာဝန်ကြီးက ငွေသားဆုများကိုလည်းကောင်း၊ ဂိုးသမားအကောင်းဆုံးအားကစားဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းမှ ကျောနံပါတ်(၁)မောင်စည်သူမိုးအား စီးပွားရေးရာဝန်ကြီးက ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆု ရရှိသည့် မဟာအောင်မြေခရိုင်အသင်းမှ ကျောနံပါတ်(၁၀) မောင်ကျော်လင်းထက်အား စည်ပင်သာယာရေးဝန်ကြီးက ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ ပထမဆုရရှိသည့် မဟာအောင်မြေခရိုင် အသင်းအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် မဟာအောင်မြေခရိုင် အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုချီးမြှင့်ပေးပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



















## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း ဖွင့်လှစ်

**စစ်ကိုင်း ဇူလိုင် ၃၀**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်ရှိ သင်တန်းခန်းမတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အားပြောကြားကာ ခရိုင်ဥပဒေအရာရှိ ဦးထွန်းလင်းက ဥပဒေရေးရာ သိကောင်းစရာများအား ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ စသည့် ဘာသာရပ်များ ပို့ချမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၆၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် သုံးပတ် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတ၊ ရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်နှင့် mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ငါန်းဇွန် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်း၍ ထန်းဇင်လှကျေးရွာတို့၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ရက် နံနက်ပိုင်းက ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က ကျေးရွာနေပြည်သူများ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သော လူနေမှုစနစ်များ ရရှိစေရန် ကျေးရွာများ၌ ကျေးရွာစွန့်ပစ်အမှိုက်ကန်များ ဆောင်ရွက်ထားရှိပြီး အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး၊ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ရေး၊ သစ်တော သစ်ပင်များ ကာကွယ်ထိန်းသိမ်းရေးစသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကိုက သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်များ ကောင်းမွန်စေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ကျေးရွာ ရပ်မိ၊ရပ်ဖများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ (၀၄၀)

## တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး မိုးရာသီ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေး

**ကျောက်ဆည် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများ ကြွေးမြီကင်းရှင်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီအထိ ငွေကျပ်သိန်း၄၀၀၀ ကျော် ထုတ်ချေးပေးပြီးဖြစ်သည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် စပါးတစ်ဧက ငွေကျပ် တစ်သိန်းခွဲ၊ ယာသီးနှံများဖြစ်သည့် ကုလားပဲ၊ ပဲတီစိမ်း၊ ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စု ၂၈ အုပ်စုမှ တောင်သူ ၆၁၇ ဦး၏ စပါးသီးနှံ ၂၃၃၄ ဧက၊ ပဲတီစိမ်းသီးနှံ ၆၅၁ ဧက၊ ချည်မျှင်ရှည်ဝါသီးနှံ ၅၉ ဧက၊ ကုလားပဲသီးနှံ ၁၀ ဧက၊ စုစုပေါင်း သီးနှံမျိုးစုံ ၃၀၅၄ ဧကအတွက် စိုက်ပျိုးချေးငွေကျပ် သိန်း၄၀၀၀ကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင် ဘဏ်ခွဲအနေဖြင့် တောင်သူများအား ၂၀၂၅ ခုနှစ် မိုးရာသီ၌ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်းနှစ်သောင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**(အပေါ်ပုံ)**

(၄၈၅)

## နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ရပ်စောက် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၌ ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ရဿဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းသဘာပတိက အသင်းမှဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်တို့က မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေတို့ကို ပြောကြားသည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ၊ အုပ်ချုပ်မှု ဒါရိုက်တာနှင့် အသင်းစာရင်းစစ်တို့က ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်း စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြခဲ့ကာ အသင်းသားများ၏ အတည်ပြုချက်ရယူခဲ့ကြသည်။

၎င်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လူရည်ချွန်ဆုနှင့် Grade-12 ကို ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် အသင်းသားများ၏ သား၊ သမီးများကို ပညာရည်ချွန်ဆုများ ဂုဏ်ပြုပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းနှင့် ဗလာမပါကံစမ်းမဲ စုစုပေါင်း ငွေကျပ် ၂၄၅ သိန်းတို့ကိုပေးအပ်ခဲ့ကာ ယခုဘဏ္ဍာရေးနှစ်အတွင်း စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၂၄၃ သိန်းတို့ကို ပေးအပ်နိုင်ခဲ့ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(၃၆၈)



သင့်ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။

# နောင်ချိုမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်သင်ကြား ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဇူလိုင် ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး အတွက် အခြေခံပညာ ကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင် ကျောင်းသားကျောင်းသူ ၁၇၃၃ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အပြင် ထပ်မံလာရောက်ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၂၈၂ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် နောင်ချိုမြို့ပေါ်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက် များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၂၄ မှ

ကြောင့် လမ်းဖောက်လုပ်ပြီးနောက် သုံးရက်မျှအကြာတွင် ဖျက်သိမ်းခဲ့ရသည်။ ထို့နောက် ၂၀၀၉ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် ဤအဝေးပြေးလမ်းမကြီး ပြုပြင်မွမ်းမံရေး စီမံကိန်းကို စတင်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် နေ့တွင် တရားဝင်ပြန်လည်ဖွင့်ပေးခဲ့သည်။

အဝေးပြေးလမ်းမကြီးကို ပြန်လည်မွမ်းမံမှု မပြုလုပ်မီ မြော့ ထော်မြို့သို့ ရောက်ရှိရန် လမ်းနှစ်သွယ်ရှိခဲ့ပြီး ပထမလမ်းမှာ ပျက်စီးသွားသည့် ဘိုမီ-မြော့ထော် အဝေးပြေးလမ်းဟောင်းမှတစ်ဆင့် လမ်းလျှောက်သွားကြခြင်းနှင့် ပိန်းကျိုင်းမြို့မှ ကျိုလျှောင်လာတောင်ပေါ်ကို ဖြတ်ကျော်၍ ဘီဘန်းမြို့မှတစ်ဆင့် မြော့ထော်မြို့သို့ ရောက်သည့်လမ်းတို့ဖြစ်သည်။ ခက်ခဲကြမ်းတမ်းသော လမ်းအခြေအနေကို ဖြတ်ကျော်ရန် စိတ်အားထက်သန်သော တောင်တက်သမားများ ကြိုက်နှစ်သက်သော တောင်တက်ခရီးနေရာတစ်ခု ဖြစ်လာသည်။

မြော့ထော်မြို့သည် လှပသော ရှုခင်းများကြောင့်သာမက စိုက်ခင်းများ ပေါကြွယ်ဝပြီး တိဗက်တိုင်းရင်းဆေးပညာ၏ အဓိကနေရာလည်းဖြစ်သည်။ ၎င်း၏ မတူကွဲပြားသော သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များကြောင့် လူသိများပြီး ထူးခြားသော ပထဝီဝင်အနေအထားများသည် ဆေးဖက်ဝင်အပင်များနှင့် အထူးထုတ်ကုန်ပစ္စည်းများအတွက် အချက်အချာကျသည့်နေရာတစ်ခုအဖြစ် ဂုဏ်သတင်းကျော်ကြားစေသည်။ ထို့ပြင် ထိုဒေသထွက် ငှက်ပျောသီး၊ ရှောက်သီး၊ သံပုရာသီးနှင့် လိမ္မော်သီးများသည် အထူးနာမည်ကြီး လှသောကြောင့် ယနေ့အချိန်တွင် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ရာနေရာတစ်ခု ဖြစ်လာခဲ့သည်။

**(ချမ်းပြည့်ကို)(ကိုးကား-အင်တာနက်)**




## ဝက်ခြံကို ပိုဆိုးစေသည့် လွဲမှားနေသော အသားအရေထိန်းသိမ်းနည်းများ

မျက်နှာအသားအရေကောင်းဖို့အတွက် အသားအရေထိန်းသိမ်းမှုတွေနဲ့ Skin Care ကို ပုံမှန်အသုံးပြုနေပေမယ့် အဆီဖုနဲ့ ဝက်ခြံတွေက မသက်သာဘဲ ပိုဆိုးလာတာမျိုးတွေ ဖြစ်တတ်ပါတယ်။ အသားအရေထိန်းသိမ်းမှုတွေ လုပ်နေရင်းနဲ့ ဝက်ခြံမသက်သာဘူးဆိုရင် အခုဖော်ပြပေးမယ့်အချက်တွေထဲက ဘယ်အချက်ကို လုပ်မိနေလဲဆိုတာကို စစ်ဆေးကြည့်သင့်ပါတယ်။

**(၁) မိတ်ကပ်ဖျက်ဆေး ပြောင်အောင်မဆေးကျောခြင်း**

မိတ်ကပ်ဖျက်ဆေးတွေဟာ မျက်နှာပေါ်က မိတ်ကပ်၊ ဖုန်၊ အညစ်အကြေးတွေကို ဖယ်ရှားပေးနိုင်တယ်ဆိုပေမယ့် မိတ်ကပ်ဖျက်ဆေးကို သေချာပြောင်အောင် မဖယ်ရှားဘူးဆိုရင် ဝက်ခြံနဲ့ အဆီဖုတွေကို ပိုပြီးဖြစ်လာနိုင်စေပါတယ်။ဒါကြောင့် မိတ်ကပ်ဖျက်ဆေးကိုပြောင်အောင် မျက်နှာသစ်ဆပ်ပြာနဲ့ သေချာဆေးကျောပေးဖို့လိုအပ်ပါတယ်။

**(၂) Suncream ကို မှားယွင်းစွာ အသုံးပြုမိခြင်း**

အသားအရေပျက်စီးခြင်းကို ကာကွယ်ဖို့အတွက် Suncream ကို နေ့စဉ် မဖြစ်မနေလိမ်းပေးဖို့ အရေးကြီးပါတယ်။ ဒါပေမယ့် ကိုယ့်အသားအရေနဲ့မကိုက်ညီတဲ့ Suncream ကို အသုံးပြုမိရင် ဝက်ခြံနဲ့အဆီဖုကို ပိုဆိုးစေနိုင်ပါတယ်။ အထူးသဖြင့် Oil ကို အခြေခံတဲ့ နေရောင်ကာခရင်မ်တွေက မသက်မသာဖြစ်စေပြီး ဝက်ခြံတွေကို ပိုဆိုးစေနိုင်ပါတယ်။

**(၃) ဖုန်းနဲ့မျက်မှန်ကို သန့်ရှင်းရေးမလုပ်ခြင်း**

နေ့စဉ်အသုံးပြုနေတဲ့ ဖုန်းနဲ့ မျက်မှန်ကို ပုံမှန်သန့်ရှင်းမှု မပြုလုပ်ဖူးဆိုရင် မျက်မှန်ဘောင်နဲ့ ဖုန်းမျက်နှာပြင်မှာ ဖုန်၊ အညစ်အကြေးတွေကပ်နေပြီး မျက်နှာနဲ့ ထိတဲ့အခါမှာ ဝက်ခြံတွေပေါက်လာနိုင်ပါတယ်။ဒါကြောင့် မျက်နှာနဲ့ နေ့စဉ် အသုံးပြုနေတဲ့ ဖုန်းတွေကို ပုံမှန်သန့်ရှင်းရေးလုပ်ပေးဖို့လိုပါတယ်။

**(၄)မျက်နှာကို အကြိမ်များစွာ သစ်ခြင်း**



မျက်နှာသစ်တာဟာ ဝက်ခြံကာကွယ်နိုင်ဖို့ အရေးပါပါတယ်။ ဒါပေမယ့် အကြိမ်ရေများစွာ သစ်ရင်တော့ အရေပြားကို ခြောက်သွေ့စေတာကြောင့် အဆီဂလင်းတွေက အဆီထုတ်လုပ်မှု ပိုများလာပြီး ဝက်ခြံပိုမိုထွက်စေနိုင်ပါတယ်။

**(၅)ဆံကေသာထိန်းသိမ်းမှုပစ္စည်း အများအပြားအသုံးပြုခြင်း**

ဆံသားကို ချောမွေ့စေတဲ့ အလှကုန်တွေကလည်း ဆံသားနဲ့ မျက်နှာမှာ ထိစပ်တဲ့နေရာမှာ ဝက်ခြံပေါက်ပွားစေနိုင်ပါတယ်။ ဒီလို အလှကုန်တွေ အရေပြားနဲ့ ထိတဲ့ အခါမှာ ချွေးပေါက်တွေကို ပိတ်စေပြီး အသားအရေကို ထိခိုက်နိုင်ပါတယ်။

**Daisy**

0-0-0-0-0

## ဆံပင်အလှအပအတွက် စားသုံးသင့်သည့် အစားအစာများ

ဆံပင်သန်စွမ်းပြီး လှပဖို့အတွက် စားသုံးသင့်တဲ့ အစားအစာများကို ဖော်ပြပေးလိုက်ပါတယ်။

**၁။ ဆယ်လ်မွန်ငါး**

ဆယ်လ်မွန်ငါးမှာ ပရိုတိန်းဓာတ်အပြည့်အဝ ပါဝင်ပါတယ်။ Omega-3 Fatty Acid၊ သံဓာတ်၊ Vitamin-B 12, Vitamin-D တို့ ပါဝင်ပြီး ဆံပင်ကျန်းမာရေးအတွက် အင်မတန်အထောက်အကူပြုပေးတဲ့ အစားအစာပဲ ဖြစ်ပါတယ်။ အထူးသဖြင့် Omega-3 Fatty Acid ဟာ ဆံပင်ခြောက်သွေ့ခြင်းမှ ကာကွယ်ပေးပါတယ်။

**၂။ ကြက်ဥ**

ကြက်ဥမှာပါဝင်တဲ့ ပရိုတိန်းဓာတ်နဲ့ Vitamin- B ဓာတ်ဟာ ဆံပင်ကျွတ်ခြင်းမှ ကာကွယ်ပေးပါတယ်။

**၃။ ဂေါ်ဖီပန်း**

ဂေါ်ဖီပန်းမှာ Vitamin-A, Iron, Potassium, Calcium, Magnesium and Omega-3 Fatty Acids တို့ ပါဝင်ပြီး ဆံပင်သန်စေတဲ့ အဓိကအစားအစာ ဖြစ်ပါတယ်။

**၄။ အစေ့အဆန်များ**

သစ်ကြားသီး၊ ဖရုံစေ့၊ ဗာဒံစေ့၊ သီဟိုဠ်စေ့ စတဲ့ အစေ့အဆန်တွေမှာ Vitamin-B, Zinc နဲ့ Fatty Acid တွေ ကြွယ်ဝစွာ ပါဝင်တာကြောင့် ဆံပင်ကျန်းမာသန်စွမ်းစေပါတယ်။

**၅။ ကန်စွန်းဥ**

ကန်စွန်းဥမှာ Vitamin-A နဲ့ Omega-3 Fatty Acid ကြွယ်ဝစွာပါဝင်တာကြောင့် ဆံပင်အတွက် လိုအပ်တဲ့အဆီဓာတ်ကို ဖြည့်တင်းပေးတာကြောင့် ဆံသားစိုပြည်ပြီး သန်မာစေပါတယ်။

ဒါကြောင့် ဆယ်လ်မွန်၊ ကြက်ဥ၊ ဂေါ်ဖီပန်း၊ အစေ့အဆန်နဲ့ ကန်စွန်းဥတို့ကို ပုံမှန်စားသုံးပေးခြင်းဖြင့် ဆေးမှီဝဲစရာမလိုဘဲ ဆံပင်သား စိုပြည်တောက်ပပြီး ကျန်းမာသန်စွမ်းစေမှာ ဖြစ်ပါတယ်။

**Daisy**

## အသားအရေအစိုဓာတ်ဖြည့်ပေးနိုင်တဲ့ Vitamin များ

သင့်ရဲ့အသားအရေဟာ အစိုဓာတ်ခန်းခြောက်ပြီး အသားအရေခြောက်သွေ့နေမယ်ဆိုရင် အရေပြားဟာ စိုပြည်မှုမရှိဘဲ အသက်ကြီးတဲ့ပုံကို ဖော်ဆောင်နေပါလိမ့်မယ်။ နောက်ပြီး တခြားအသားအရေပုံစံတွေထက်လည်း အလွယ်တကူ အရေးအကြောင်းတွေ ဖြစ်စေပါတယ်။

ဒါဆိုရင်တော့ အသားအရေခြောက်သွေ့နေပြီဆိုရင် ဂရုစိုက်ဖို့လိုလာပါပြီ။ အသားအရေခြောက်သွေ့သူတွေအတွက်ဆိုရင် အသားအရေချောမွေ့ဖို့နဲ့ အသားအရေအစိုဓာတ်ရရှိဖို့ ဗီတာမင်နဲ့ အာဟာရဓာတ်တွေ ပိုမိုလိုအပ်နေပါပြီ။ အသားအရေခြောက်သွေ့သူတွေဟာ Vitamin-A,C,E တွေ ပါဝင်တဲ့ အစားအသောက်တွေ၊ အသီးအနှံတွေကို ရွေးချယ်စားသုံးဖို့လိုအပ်ပြီး အလှကုန်ပစ္စည်းတွေ ဝယ်ယူတော့မယ်ဆိုရင် ဖော်ပြပါ Vitamin-A,C,E တွေ ပါဝင်တဲ့ အလှကုန်ပစ္စည်းတွေကို ရွေးချယ်ဝယ်ယူစေလိုပါတယ်။

(၁)အသားအရေခြောက်သွေ့သူတွေအတွက်တော့ Vitamin-A ဟာ အသားအရေစိုပြည်မှုကို ပေးစွမ်းနိုင်ပြီး ဆဲလ်အသစ်တွေ ပြန်လည်ဖြည့်တင်းဖို့အတွက်လည်း ကူညီပေးနိုင်ပါတယ်။ Vitamin-A ဟာ အရေပြားပေါ်မှာရှိတဲ့ ဆဲလ်တွေရဲ့ လုပ်ငန်းတွေကို တိုးပွားစေပြီး ဆဲလ်တွေပျက်စီးခြင်းမှလည်း ကာကွယ်ပေးနိုင်ပါတယ်။ဒါ့အပြင် အရေပြားရဲ့ အစိုဓာတ်ကို ဖြည့်တင်းပေးပြီး နေရောင်ခြည်ဒဏ်ကိုလည်း ကာကွယ်ပေးပါတယ်။

(၂) အသားအရေကျန်းမာစေဖို့ အသားအရေအစိုဓာတ်ထိန်းသိမ်းဖို့၊ ကောင်းမွန်တဲ့ အရေပြားရရှိဖို့ Vitamin- B3 က စွမ်းဆောင်ပေးနိုင်ပြီး အရေပြားရောင်ရမ်းမှုတွေကို ကာကွယ်ပေးနိုင်တဲ့အတွက် အရေပြားခြောက်သွေ့သူတွေသာမက အလွယ်တကူ ထိရှလွယ်တဲ့ အရေပြားပိုင်ရှင်တွေအတွက်ပါ ကောင်းမွန်စေနိုင်ပါတယ်။ အသက်အရွယ်ကြီးရင့်စေတဲ့ လက္ခဏာတွေကိုလည်း လျှော့ချပေးနိုင်ပါတယ်။

(၃) အသားအရေခြောက်သွေ့သူတွေအတွက်တော့ အသားအရေအစိုဓာတ်ရရှိဖို့ဆိုတာ အရေးကြီးပါတယ်။ ဒါကြောင့် အသားအရေအစိုဓာတ်ရရှိစေဖို့ Vitamin-E က ကူညီပေးနိုင်ပါတယ်။ ဒါ့အပြင် မကောင်းတဲ့ Free Radicals တွေကိုလည်း တိုက်ထုတ်ပေးနိုင်ပါတယ်။ သုတေသနပြုချက်တွေအရ နေပူထဲထွက်တဲ့အခါ Vitamin-E ကို လိမ်းခြယ်သွားမယ်ဆိုရင် နေရောင်ခြည်ဒဏ်ကြောင့် ဖြစ်တတ်တဲ့ အရေပြားနီမြန်းခြင်း၊ နေရောင်ကွက်များနဲ့ အရေပြားခြောက်သွေ့ခြင်းတွေကို တားဆီးပေးနိုင်ပါတယ်။

**(Credit to internet)**

**Daisy**

* - * - * - * - * - *

## စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - မေတ္တာလှိုင်းပြိုင် လျှင်ခံစားမှု ကဗျာစု
စာရေးသူ - ကလောင်စုံ
ထုတ်ဝေသည့်စာပေတိုက် - သရက်တစ်ပင်စာပေ
တန်ဖိုး - ၈၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ချိုတူးမောင်
ထုတ်ဝေသည့် ကာလ - ၂၀၂၅ ၊ ဇူလိုင်လ
စာမျက်နှာ - ၁၆၀



ဆရာမင်းဇော်လူ စီစဉ်ထုတ်ဝေသည့် 'မေတ္တာလှိုင်းပြိုင်' လျှင်ခံစားမှုကဗျာစာအုပ်မှာ စီစဉ်သူ၏ ပန်ကြားလွှာနှင့်အတူ ကလောင်စုံကဗျာဆရာ (၉၇) ဦးကို စုစည်းထားခြင်းဖြစ်သည်။

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်သွားသော ငလျင်ကြီးအား အကြောင်းပြု၍ လူသားချင်း စာနာထောက်ထားသောအားဖြင့် မြို့နယ်အရပ်ရပ်ရှိ ကဗျာဆရာများက ငလျင်ဘေးအကူအညီဖြင့် ရေးဖွဲ့ကြသော ကဗျာစာအုပ်လည်း ဖြစ်သည်။ ကဗျာစာအုပ် ရောင်းရငွေများအားလုံးကို ငလျင်ဒဏ်သင့်ဒေသသို့ လှူဒါန်းမည်ဖြစ်သည်။

**ကွေကွင်း**

ဖုန်းကွန်တက်မှာ
မဖျက်ရက်လို့
ဖတ်ဖတ်ပြီး လွမ်းနေရတာ
အများကြီးမှ
အများကြီး…။ ။

**ကိုလေး(အင်းဝဂုဏ်ရည်)**
**(စာ-၁၁)**

**အိပ်မက်သာဖြစ်လိုက်ချင်**

သိမ့်ခနဲ ဖြစ်သွား
နှလုံးသားကွဲတဲ့ အင်အား
တချို့ဘဝခြား ။ ။


**ခင်လပြည့်ဝန်း**
**(စာ-၁၂၅)**

မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စာအုပ်စီစဉ်သူ ဆရာမင်းဇော်လူ၊ ဖုန်း ၀၉-၂၅၆၁၈၅၉၃၅ သို့ ဆက်သွယ်ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ဖော်ညွှန်းသီ

စာအုပ်အမည် - အိပ်မက်တမန် စေလိုက်ချင်သည်
စာရေးသူ - ဝင်းမင်းထွန်း(မန်းတက္ကသိုလ်)
နွေမွန်(မန်း)
ရဲသျှမ်း
ထုတ်ဝေသည့်စာပေတိုက် - လင်းသန့်စာပေ
တန်ဖိုး - ၈၀၀၀ကျပ်
မျက်နှာဖုံးဒီဇိုင်း - K-Hlaing
ထုတ်ဝေသည့်ကာလ - ၂၀၂၅၊ ဇူလိုင်လ
စာမျက်နှာ - ၁၂၀

ဆရာရဲသျှမ်း၏ ရာပြည့်အမှတ်တရ အမှာစာနှင့်အတူ စာရေးဆရာသုံးဦးဖြစ်သော ဝင်းမင်းထွန်း(မန်းတက္ကသိုလ်)၊ နွေမွန်(မန်း)၊ ရဲသျှမ်းတို့၏ မန္တလေးတက္ကသိုလ်ရာပြည့်အမှတ်တရ ထုတ်ဝေဖြန့်ချိသော ဝတ္ထုတိုများ စာအုပ်ဖြစ်သည်။



စာအုပ်တွင် နွေမွန်(မန်း)၏ 'ရေနီမြောင်း၊ သစ္စာ၊ ရွှေမန်း၊ ရိပ်မွန်နှင့် ဇီဇဝါအလွမ်း'၊ ဝင်းမင်းထွန်း(မန်းတက္ကသိုလ်)၏ 'ဥပေက္ခာနှင့် လဲသည့်အသည်း ဘယ်တော့မှမကွဲ'၊ 'ရင်ခွင်သစ်မှာ ပျော်ပါစေ'၊ 'နွေကုဋေ မိုးကုဋေ ကြာပါစေကွယ်'၊ 'သံယောဇဉ် မြစ်ကူးမိသည့် ချစ်ဦးသူအလွမ်း'၊ 'အိပ်မက်တမန်စေလိုက်ချင်သည်'၊ ရဲသျှမ်း၏ 'ဂန္ထဝင်မမသို့ ချစ်ခြင်းဖွဲ့ကဗျာ' ဝတ္ထုတိုများဖြစ်သည်။

မန္တလေးတက္ကသိုလ်နောက်ခံ ဝတ္ထုတိုများဖြစ်၍ မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် အလွမ်းပြေဖတ်ရှုရမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**တပ်ကုန်း ဇူလိုင် ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် ရွှေဥဒေါင်းကျေးရွာ 'သုတရောင်ခြည်' စာကြည့်တိုက်နှင့် သပြေကုန်းကျေးရွာ 'ပညာလင်းရောင်ခြည်' စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်များရှေ့၌ ကျင်းပရာ တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ဝဲပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာ ခင်မောင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ရွှေဥဒေါင်းကျေးရွာ 'သုတရောင်ခြည်' စာကြည့်တိုက်နှင့် သပြေကုန်းကျေးရွာ 'ပညာလင်းရောင်ခြည်' စာကြည့်တိုက်အဆောက်အအုံသစ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်မှူးများနှင့် သက်ဆိုင်ရာကျေးရွာ



တာဝန်ရှိသူများအား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များ၊ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ပြီး စာကြည့်တိုက်များအတွင်း ကျောင်းသား၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်၊ စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အစိမ်းရောင်မြို့ ပြဖြစ်ဖို့ ဝိုင်းဝန်းကြပါစို့

* သမိုင်းထဲက စာမျက်နှာ
ရတနာပုံဟု ထင်ပေါ်လာ၊
ပျူဟာစွာ ဖော်ရွှေကြ
အမွေကောင်းလည်း ထိန်းသိမ်းရ။
မြို့နန်းတည်စ အဖုံဖုံ
ခုနစ်ဌာနက ရသစုံ၊
ဆီအိုးမြှုပ်ရာ အုတ်စီခင်း
တစ်ထောင့်နှစ်ရာနှစ်ဆယ့်တစ်၏
ကောင်းသတင်း။

* ရွှေကျောင်းကြီးက ဂုဏ်ယူစရာ
ကူညီခြင်းဖြင့် ထိန်းသိမ်းပါ၊
မန်းမြို့တစ်ခွင် သာယာရေး
ဝန်းကျင်သစ်လည်း ဖန်တီးပေး၊
စမတ်စီးတီး အမည်တွင်မှ
အသွင်သစ်ဖြင့် အရိပ်ခိုရ၊
မြို့ကြီးသားလို ပီသဖို့
ညီတူညာတူ ပါဝင်စို့။

* အရိပ်ပေးသူ မိဘမခြား
မြို့သူ၊ မြို့သားက သားသမီးများ
အရိပ်နေပြီး အခက်မချိုးမှ၊
ရှေးမစွက ရာဇဌာနီ
သာသနာရောင်ဝါ ထွန်းလျက်ညီ
တံတားဖြူဖြူနှင့် မုခ်ဦးအလှ
ဦးခန္တီတောင်နှင့် ပန်းရ။

* နှစ်တစ်ရာနှင့် ခြောက်ဆယ့်ခြောက်ခရီး
တစ်လှေထဲပဲ အတူစီး ၊
မညည်းဘဲ လျှောက်ခဲ့ကြရ
မြို့ပြထဲက လူနေမှုဘဝ၊
ဘဝစတိုင်လ် ပြောင်းလဲရေး
စည်းကမ်းကောင်းလည်း ထိန်းသိမ်းပေး ၊
အစိမ်းရောင်မြို့ပြကို ကြိုဆိုလို့
မြို့ဂုဏ်ကိုလည်း မြှင့်တင်စို့။ ။

**အိုးဝေ(မြေနီကျင်း)**

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီက မြို့မဈေးတွင် ဆောင်ရွက်ခဲ့သည်။ **(ဓါတ်ပုံ)**



လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့်အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(compaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်းပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**နောင်နောင် (မိဿနိုးမြေ)**





## လှိုင်လင်မြို့နှင့် နမ့်စန်မြို့တို့တွင် ပစ္စတိုသေနတ် တစ်လက်နှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် နံနက် ၇နာရီခွဲက သက်သေများနှင့်အတူ လှိုင်လင်မြို့၊ အမှတ်(၂)ရပ်ကွက်အနီးတွင် မော်တော်ယာဉ်များကို စစ်ဆေးရှာဖွေစဉ် လှိုင်လင်မြို့ဘက်မှ တောင်ကြီးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသောခရီးသည် မောင်နိုင်နှင့် ဘဂျမ်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀,၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၀ နာရီခွဲက အားလုံ(ခ)အိုက်လွယ်နှင့် ဖုန်းပြည့်စုံ(ခ)ကိုပြည့်တို့အား ၎င်းတို့ တည်းခိုနေထိုင်သည့် နမ့်စန်မြို့၊ ထင်းရှူးမြိုင်ကျေးရွာရှိ ဟိုတယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ၊ စိတ်ပြောင်းဆေးဝါး ကက်တမင်း အလေးချိန် ၃ ဂရမ်၊ ပစ္စတိုသေနတ် တစ်လက်၊ ၄င်းကျည်ရှစ်တောင့်၊ ကျည်အိမ် တစ်ခု၊ လက်ကိုင်ဖုန်း နှစ်လုံး၊ TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် HONDA CIVIC အမျိုးအစား မော်တော်ယာဉ် တစ်စီးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မောင်နိုင်(၄၆)နှစ်၊ ဘဂျမ်း (၂၇)နှစ်၊ အားလုံ(ခ)အိုက်လွယ် (၄၅)နှစ်နှင့် ဖုန်းပြည့်စုံ(ခ) ကိုပြည့် (၃၃)နှစ်တို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက် ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## မိတ္ထီလာမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ရက် ည ၁၁ နာရီခွဲက သက်သေများနှင့်အတူ မိတ္ထီလာမြို့နယ်၊ ဆည်ကုန်းကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ် ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မမျိုးမျိုးဂျမ်း သယ်ဆောင်လာသည့် စက္ကူဂျပ်ဖာအတွင်းမှ ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူအလေးချိန် ၂ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီခွဲက အဆိုပါ ဘိန်းဖြူများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ မအေးဘုံအား ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်းရပ်ကွက်၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် မမျိုးမျိုးဂျမ်း(၄၁)နှစ်နှင့် မအေးဘုံ (၅၀)နှစ်တို့အား မိတ္ထီလာမြို့မ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လူနေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွား

**မိုးကောင်း ဇူလိုင် ၃၀**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့တွင် လူနေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နတ်ကြီးကုန်းရပ်ကွက် ရှမ်းပိုင်းရှိ အလျား၂၇ ပေ X အနံ ၁၈ပေ၊ အမြင့် ၁၈ပေရှိ သွပ်မိုးထရံကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်တွင် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ပါဝါဘန့်ကို အချိန်ကြာမြင့်စွာ အားသွင်းထားသည့် ပလပ်ခုံမှ ရှော့ဖြစ်ကာ မီးပွားလွင့်စင်၍ အနီးရှိ ထရံသို့ ကူးစက်လောင်ကျွမ်းရာ ၁၈ ပေပတ်လည် ပျဉ်ခင်း၊ သွပ်မိုး၊ ဖိုင်ဘာပြားကာ နေအိမ်အပါ မီးလောင်ကျွမ်းခဲ့သည်။

ယင်းဖြစ်စဉ်အား မီးသတ်ဦးစီးဌာနမှ အရန် ၁၅ ဦး၊ သန္တေ ရှစ်ဦးတို့က မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ရေ ဂါလန် ၄၀၀၀ အသုံးပြုမီးငြိမ်းသတ်ခဲ့ရာ ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မီးညွှန့်ကျိုးခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အိမ်ရှင်အား မြို့နယ်ရဲစခန်းမှ အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**သန်းလွင်ဦး(ပြန်/ဆက်)**



ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ ။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၉၄ တန်ကျော် ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၄၂ ဒသမ ၆၃၃၅ တန်၊ သစ်မာ ၉ ဒသမ ၅၇၅၆ တန်၊ အခြား ၄၂ ဒသမ ၂၆၆၀ တန် စုစုပေါင်း ၉၄ ဒသမ ၄၇၅၁ တန်၊ ယာဉ်/ယန္တရား ခြောက်စီး၊ တရားခံ ကိုးဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**(ဓါတ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံ၏ ထူးခြားသောဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ မသမာမှုနည်းလမ်းပေါင်းစုံရှိနေမှုတို့ကို ဖော်ထုတ်ဖမ်းဆီး တိုက်ဖျက်နိုင်မှသာ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်သွားမည်

နေပြည်တော် ဇူလိုင် ၃၀

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၆ သို့ ✳



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၅) တွင် အမှာစကားပြောကြားစဉ်။

## တိဗက်ဒေသ အရှေ့တောင်ဘက်ရှိ လျှို့ဝှက်သော မြော့ထော်မြို့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိမဝန္တာတောင်တန်းများကြားတွင် နက်ရှိုင်းစွာနစ်မြုပ်နေသော မြော့ထော်မြို့သည် တစ်ချိန်က ဝေးလံခေါင်သီသော တောင်ပေါ်ခရိုင်တစ်ခုဖြစ်ပြီး သွားလာရေးခက်ခဲခဲ့ကာ စွန့်စားခန်းများရှိရာ နေရာဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့်နေရာအဖြစ်သို့ ပြောင်းလဲ တိုးတက်နေပြီဖြစ်သည်။

တရုတ်နိုင်ငံ၊ တိဗက်ဒေသ အရှေ့တောင်ဘက် အစွန်ဆုံး အိန္ဒိယ၊



မြန်မာ၊ တရုတ်သုံးနိုင်ငံ ဆုံရာဒေသ အနီးတည်ရှိသော မြော့ထော်မြို့သည် လင်ချီစီရင်စု အုပ်ချုပ်မှုနေရာဖြစ်ပြီး ဗြဟ္မပုတ္တရမြစ်ကြီး၏ ကွေ့ကောက်နေသော ချိုင့်ဝှမ်းအတွင်းတွင် တည်ရှိသည်။ တိဗက်သုတ္တန်တွင် ဘိုင်းမာဂျား ဟုခေါ်သော မြော့ထော်သည် "လျှို့ဝှက်သောကြာပန်း"ဟု အဓိပ္ပာယ်ရသည်။ ၎င်းမြို့၏ အမြင့်မှာ တိဗက်ဒေသအားလုံး၏ အနိမ့်ဆုံးဖြစ်သောကြောင့် အသီးအရွက်များနှင့် သစ်ပင်ပန်းမန်များ ပေါများပြီး အခြားနိုင်ငံများနှင့် ခရိုင်များကို ဆက်သွယ်ပေးသည့် အဓိက အလယ်ဗဟိုတွင် တည်ရှိသည်။

ပထဝီဝင်အနေအထားအရ ၎င်းမြို့သည် ဗြဟ္မပုတ္တရမြစ်ကြီး၏ အဓိက မြစ်လက်တက်တစ်ခုဖြစ်သော ရာလန်းဆန်ပိုမြစ်၏ အောက်ပိုင်း၊ ဟီမားလေးယား ကန့်ဂရီကာပိုတောင်တန်းများကြား အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသော နေရာတွင် တည်ရှိသည်။ မြော့ထော်မြို့သည် အပူပိုင်းဒေသ ရာသီဥတုရှိပြီး တိဗက်ကုန်းပြင်မြင့်တွင် အနိမ့်ဆုံးဒေသဖြစ်ကာ သာယာသောရာသီဥတု၊ မိုးရေချိန်အများဆုံးနှင့် အကောင်းဆုံး ထိန်းသိမ်းထားနိုင်သော ဂေဟာစနစ်ရှိသည့်အတွက် တိဗက်ဒေသ၏ စံပြနေရာတစ်ခု ဖြစ်သည်။ တိဗက်၏ ဆစ်ဆောင်ပါနားဟု လူသိများသော ၎င်းမြို့အနီးတွင် ကြီးမားသော သစ်တောများ၊ တောင်ပေါ်ဒေသ ရေကန်များနှင့် တစ်ဟုန်ထိုး စီးဆင်းနေသော ရေတံခွန်များ ပေါများသည်။

အဆိုပါ ဒေသသည် အင်းဆက်ဘေးဒဏ်၊ ရေကြီးမှု၊ မြေပြိုမှု၊ ရွံ့ပြိုမှုများနှင့် လျှပ်စီးလက်မှုများ မကြာခဏ ကြုံတွေ့ရလေ့ရှိပြီး နှစ်စဉ်ပျမ်းမျှ မိုးရေချိန် လက်မ ၈၀ ခန့်၊ နေရောင် ၂၀၀၀ နာရီအောက်၊ နှင်းခဲကင်းစင်သော ရက်ပေါင်း ၃၄၀ နှင့် နှစ်စဉ် ပျမ်းမျှ အပူချိန် ၁၂ ဒီဂရီစင်တီဂရိတ်ရှိသည်။ ထိုဒေသတွင် တောင်ပေါ်အအေးပိုင်းဒေသများ၌ ပေါက်ရောက်သည့် သစ်တောများအပြင် အပူပိုင်းဇုန်အထိ ပေါက်ရောက်သည့် အမျိုးမျိုးသော သစ်တောများကို တွေ့ရှိရပြီး ပရုတ်ပင်၊ ရင်းတိုက်ပင်၊ တရုတ်ထင်းရှူးပင်နှင့် အယ်လ်ဆိုဖီလာစပီနျူလိုဆာ(ခေါ်)ဒရင်ကောက်ပင်ကဲ့သို့သော အဖိုးတန် ရှားပါးအပင် အမျိုးပေါင်း ၈၀ ကျော် ပေါက်ရောက်လျက်ရှိကာ "သဘာဝသစ်ပင်များ ပြတိုက်"နေရာအဖြစ် နာမည်ကြီးသည်။

ပေပေါင်း ၁၅၀၀၀ ကျော်မြင့်သော နှင်းခဲနေသည့် တောင်တန်းများကြားထဲတွင် မြော့ထော်မြို့သည် ပေ ၄၀၀၀ နီးပါး အမြင့်တွင် တည်ရှိကာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့အထိ အမြဲတမ်းလူဦးရေမှာ ၁၄၈၈၉ ဦး ရှိသည်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် မြော့ထော်မြို့သည် ဆင်းရဲနွမ်းပါးသော ခရိုင်များစာရင်းမှ နုတ်ထွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် နွေရာသီအပန်းဖြေနေရာအတွက် တရုတ်နိုင်ငံ၏ ထိပ်တန်း ခရိုင် ၁၀၀ ထဲမှ တစ်ခုအဖြစ် နေရာရရှိခဲ့သည်။

မြော့ထော်မြို့သည် အမြဲတမ်းသွားလာနိုင်သော အဝေးပြေးလမ်းမကြီးမျိုးမရှိဘဲ တရုတ်နိုင်ငံ၊ တိဗက်ဒေသ၏ နောက်ဆုံးခရိုင်မြို့ဖြစ်သည်။ ဤဒေသသည် ကမ္ဘာကြီးနှင့် ဝေးကွာနေပြီး ထိုနေရာတွင် နေထိုင်သူများ စားသုံးရန်အတွက် လူအင်အား၊ လားမြင်းများဖြင့်သာ ထမ်းပိုး၍ ရိက္ခာများ ပေးပို့ရလေ့ရှိသည်။ ၁၉၉၀ ပြည့်နှစ်များတွင် ဘိုမီ-မြော့ထော် အဝေးပြေးလမ်းမကြီးကို ဖောက်လုပ်ခဲ့သော်လည်း ပြင်းထန်သော ငလျင်၊ မြေပြိုမှုနှင့် ရွံ့ကျောက်တုံးများ ကျဆင်းမှုများ

စာမျက်နှာ ၁၄ သို့ ✡